# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၈၄)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဂျပန်ဘုရင်မင်းမြတ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂၃**

၂၀၀၆ခုနှစ် ဒီဇင်ဘာ၂၃ရက်တွင်ကျရောက်သော ဂျပန်နိုင်ငံ ဘုရင်မင်းမြတ် အကီဟီတို၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဂျပန်နိုင်ငံဘုရင်မင်းမြတ် အကီဟီတိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆွစ်ဇာလန်သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆွစ်ဇာလန်နိုင်ငံသမ္မတအဖြစ် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၃ရက်တွင် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဆွစ်ဇာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မဒမ်မီရှယ်လင်းကာလ်မီရေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ကျောင်းဆင်းဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉) ကျောင်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဒီဇင်ဘာ၂၁ရက် ညနေ၅နာရီခွဲက မန္တလေးတိုင်း ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းတန်းပေါင်းစီကွင်း၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ချီးမြှင့်ကြသည်။ **(အောက်ပုံ)**

စာမျက်နှာ ၉ ကော်လံ ၁ ●



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

# စစ်ရေးထူးချွန်ပြီး နည်းပညာထက်မြက်သည့် တပ်မတော်သား အင်ဂျင်နီယာများဖြစ်ရေး ကြိုးပမ်း

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ဒီဇင်ဘာ ၂၁ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

နိုင်ငံတော်နှင့် နိုင်ငံသားများကို အကြွင်းမဲ့ကာကွယ်နိုင်ရန် **အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်**တစ်ရပ် မရှိမဖြစ် လိုအပ်သည်။

နိုင်ငံတော်ကာကွယ်ရေးတွင် ပြည်ပ အမိုအခိုကင်းရေးအတွက် မဖြစ်မနေကြိုးပမ်းကြရမည် ဖြစ်သည်။ တပ်မတော်နည်းပညာတက္ကသိုလ်ဆင်း တပ်မတော်သား အင်ဂျင်နီယာများသည် ခေတ်မီတပ်မတော်တည်ဆောက်ရာ၌ စစ်ဘက်သိပ္ပံနှင့်နည်းပညာကို မြှင့်တင်နိုင်မည့် အတတ်ပညာရှင် သားကောင်းရတနာများဖြစ်အောင် ကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံနှင့်လူမျိုး အဓွန့်ရှည်စွာတည်တံ့နိုင်စေရေးအတွက် နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနှင့် ကာကွယ်ရေးစွမ်းအားကို မြှင့်တင်နိုင်ရန်လိုပေသည်။ ယင်းသို့ မြှင့်တင်ရာ၌ စီးပွားရေးစွမ်းအားသည် ပဓာနကျသည့် လိုအပ်ချက်ဖြစ်သည်။ စီးပွားရေးမြင့်မားမှ နိုင်ငံရေးတည်ငြိမ်နိုင်သည့်နည်းတူ ကာကွယ်ရေး စွမ်းအားကိုလည်း မြှင့်တင်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် တပ်မတော်နည်းပညာတက္ကသိုလ်ဆင်း တပ်မတော်သား အင်ဂျင်နီယာများသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကိုတည်ဆောက်ရာ၌ နိုင်ငံတော်၏ စီးပွားရေးစွမ်းအား မြင့်မားရေးအတွက်လည်း သိပ္ပံနှင့်နည်းပညာကဏ္ဍမှ ဝိုင်းဝန်းပါဝင် ထမ်းဆောင်ကြရမည်ဖြစ်သည်။

စစ်ဘက်တာဝန်အရ **အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်** တည်ဆောက်ရေး၌ လည်းကောင်း၊ နိုင်ငံ့သားကောင်း တစ်ယောက်အနေဖြင့် **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်** တည်ဆောက်ရေး၌ လည်းကောင်း ပါဝင်ထမ်းဆောင်ကြရမည် ဖြစ်သည်။ စစ်ရေး၌ ထူးချွန်ပြီး နည်းပညာဆိုင်ရာ ထက်မြက်သည့် တပ်မတော်သား အင်ဂျင်နီယာများဖြစ်လာအောင် ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်သည်။

တပ်မတော်သည် မွန်မြတ်သည့်အစဉ်အလာကောင်း (၁၂)ရပ်နှင့် ပြည့်စုံသည့် တပ်မတော်ဖြစ်သည်။ တပ်မတော်၏ အစဉ်အလာကောင်း (၁၂)ရပ်ကို လက်ဆင့်ကမ်း ဖော်ဆောင်ကြရမည့် မျိုးဆက်သစ် တပ်မတော်သား အင်ဂျင်နီယာများအနေဖြင့် တပ်မတော်၏ ဂုဏ်ရောင်ကို ထွန်းပြောင်သည်ထက် ထွန်းပြောင်အောင် သန္နိဋ္ဌာန်စိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြမည်ဟု ယုံကြည်ပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# တစ်သန်းမြောက် တရုတ်မှခရီးသွားဧည့်သည် စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်သို့ ရောက်ရှိ

စင်ကာပူ ဒီဇင်ဘာ ၂၂

**တရုတ်နိုင်ငံမှ ခရီးသည် ယုယွန်ခမ်းသည် ဒီဇင်ဘာ၁၉ရက် မွန်းလွဲပိုင်းက ချန်ဂီလေဆိပ်သို့ ဆင်းသက်ရောက်ရှိလာရာ စင်ကာပူနိုင်ငံ၏ တစ်သန်းမြောက်သော ပထမဆုံးတရုတ်ခရီးသွားဧည့်သည် ဖြစ်လာသည်။**

အဆိုပါ တရုတ်ခရီးသွားဧည့်သည် ရောက်ရှိချိန်တွင် တရုတ်မှ စင်ကာပူသို့ လာရောက်သည့် ခရီးသွားတစ်သန်း ပြည့်မြောက်သည့် အခမ်းအနားကိုလည်း ကျင်းပခဲ့ကြောင်း စင်ကာပူ ခရီးသွားအဖွဲ့က ပြောကြားသည်။

### ကြိုဆို

ယင်းတရုတ်ခရီးသွား ဧည့်သည်သည် ၎င်း၏ကုမ္ပဏီက စေလွှတ်သည့် စီးပွားရေးအရ လာရောက်ခြင်း ဖြစ်ပြီး စင်ကာပူမြေသို့ စတင်ခြေချလိုက်သည်နှင့် ၎င်းအား ထူးခြားစွာဖြင့် ကော်ဇောနီခင်း၍ စင်ကာပူ ခရီးသွားအဖွဲ့က ကြိုဆိုခဲ့ကြောင်းသိရသည်။

### ဝမ်းမြောက်

မိမိအနေဖြင့် စင်ကာပူနိုင်ငံ၏ တစ်သန်းမြောက် တရုတ်နိုင်ငံမှ ခရီးသွားဧည့်သည် ဖြစ်ရသည်ကို အလွန်ဝမ်းမြောက် ဂုဏ်ယူမိကြောင်း ယုက ပြောကြားသည်။

### ဆွတ်ခူး

၎င်းသည် ဟိုတယ်တည်းခိုခွင့်၊ ညစာ၊ အသွားအပြန်လေယာဉ်လက်မှတ် အပါအဝင် စင်ကာပူဒေါ်လာ ၁၅၀၀၀(အမေရိကန်ဒေါ်လာ ၉၇၀၀) ဆုကို ဆွတ်ခူးသွားခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**




# ဆန်တင်ပို့နိုင်ငံများအသင်း ထူထောင်ရန် ကမ္ဘောဒီးယား ဝန်ကြီးချုပ် တိုက်တွန်း

ဖနောင်ပင် ဒီဇင်ဘာ ၂၂

**ကမ္ဘောဒီးယားနိုင်ငံက လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့နှင့်အတူ ဆန်ဈေးတည်ငြိမ်စေရန် ဆန်တင်ပို့နိုင်ငံများအသင်း ဖွဲ့စည်းရေး ဆော်ဩတိုက်တွန်းလိုက်သည်။**

မဲခေါင်မြစ်ဝှမ်း တစ်လျှောက်ရှိ အဆိုပါ ဆန်တင်ပို့နိုင်ငံများအသင်းသည် ကမ္ဘာ့ဆန်ဈေးကွက်အတွက် အရေးကြီးလာနိုင်ကြောင်း ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်ဆင်က ဘတ်တန်ဘန်ပြည်နယ်၏ မြို့တော် ဘတ်တန်ဘန်မြို့ မိဘမဲ့ဂေဟာ ဖွင့်ပွဲအခမ်းအနားကျင်းပစဉ် ဒီဇင်ဘာ ၂၀ ရက်က ပြောကြားလိုက်ခြင်း ဖြစ်သည်။ အဆိုပါအသင်းသည် ရေနံတင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့ (အိုပက်)ကဲ့သို့ ဖြစ်လာနိုင်ကြောင်း ၎င်းက ပြောကြားချက်ကို ဒေသရေဒီယိုက ကိုးကားထုတ်လွှင့်ခဲ့သည်။

ယင်းဆန်တင်ပို့ နိုင်ငံများအသင်းသည် အိုပက်၏ လွှမ်းမိုးမှုကိုလည်း ချိန်ခွင်လျှာအဖြစ် ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ အိုပက်က ဆန်ကို ဈေးချိုချို လိုချင်လျှင် ရေနံဈေးနှုန်းကိုလည်း လျှော့ရောင်းသင့်ကြောင်း ဟွန်ဆင်က ထပ်လောင်းပြောကြားသည်။

### တင်ပို့နိုင်ခဲ့

လက်ရှိ စာရင်းဇယားများအရ ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၀၆ ခုနှစ်အတွင်း ဆန်တန်ချိန် ၁ဒသမ ၅သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ နှစ်စဉ် မဲခေါင် မြစ်ဝှမ်းဒေသ၏ ဆန်တင်ပို့ရောင်းချမှုသည် တန်ချိန် ၁၀သန်း ကျော်ရှိသည်။ နှစ်စဉ် ကမ္ဘာ့ဆန်တင်ပို့ရောင်းချမှု၏ ထက်ဝက်နီးပါး ရှိသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

## မြဝတီရုပ်မြင်သံကြား

**၂၃–၁၂–၂၀၀၆ (စနေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ ဆရာတော် ဦးဃောသိတ တရားတော် **“သောတာပန်စိတ်ထား အင်္ဂါ(၇)ပါး”**

**နေ့လယ်ပိုင်း**

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း
၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၄:၃၅ ၄။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၇။ နိုင်ငံတကာသတင်း
၆:၂၀ ၈။ မိုးလေဝသသတင်း
၆:၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၀။ လျှပ်တစ်ပြက်
၆:၄၀ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ထွန်းတောက်လာမည့် ကြယ်တစ်ပွင့်”** (အပိုင်း–၆)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၆။ English Premier League ဘောလုံးပွဲ Aston Villa Vs Manchester United (Live)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၃–၁၂–၂၀၀၆ (စနေနေ့)**

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ သုပ္ပဝါသာတရားတော် အပိုင်း(၁) (သီတဂူဆရာတော်)
၇:၅၀ ငွေကြယ်ပွင့်တို့၏ဖြစ်တည်မှု (ဖြိုးကြီးနှင့် သူ၏အနုပညာခရီးလမ်း)
၈:၃၀ တေးဂီတအစီအစဉ်
၈:၃၅ တစ်ပတ်အတွင်းအားကစားသတင်း
၈:၅၀ တေးဂီတအစီအစဉ်
၈:၅၅ ကျီးသဲမြို့မှ စည်းလုံးချည်
၉:၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၃၀ ပြည်တွင်းသတင်းအကျဉ်း
၉:၄၀ မြန်မာ့လက်မှုယွန်းအနုပညာ
၁၀:၀၀ Yangon Panorama [အမှတ်(၁)စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော်]
၁၀:၂၀ တေးဂီတအစီအစဉ်
၁၀:၂၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၃၀ စိတ်ထားဖြူစင် ပါရမီရှင်
၁၀:၅၀ မိုးလေဝသခန့်မှန်းချက်
၁၀:၅၅ နိုင်ငံတကာအနုပညာရေးရာ
၁၁:၂၀ ပေါ့ပေါ့ပါးပါး ဂေါက်သီးအားကစား (အခြေခံ) (လက်ကိုင်ပုံနည်းစနစ်နှင့် လွှဲချက်တစ်ဝက်ဖြင့် စတင်ခြင်း၊ ဂရင်းပေါ်သို့ အနီမ့်ပစ်တင်ခြင်း)
၁၁:၃၅ ကလေးတို့အတွက်လက်ဆောင်
၁၁:၅၅ ပြည်တွင်းသတင်းအကျဉ်း
၁၂:၀၅ Ecotourism ဆွဲဆောင်ဖို့ သဘာဝကိုထိန်းသိမ်းစို့
**“ဖိုးကျားဆင်စခန်း”** (အပိုင်း–၂)
၁၂:၁၅ တေးဂီတအစီအစဉ်
၁၂:၂၀ ယနေ့သိပ္ပံနှင့်နည်းပညာ
၁၂:၃၀ နိုင်ငံတကာသတင်းအကျဉ်း
၁၂:၃၅ တေးဂီတအစီအစဉ်
၁၂:၄၀ ရုပ်ရှင်ပုံရိပ်ဟောင်းများရှင်သန်ရာ ရုပ်ရှင်သမိုင်းပြတိုက်မှာ
၁:၀၀ MRTV-4 အပိတ် Logo

**အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက်၇နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည၇နာရီ အထိတစ်ကြိမ်၊ ည၇ နာရီမှ နံနက် ၁နာရီအထိတစ်ကြိမ်၊နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်တစ်ဝိုက်တွင် UHF တီဗွီအင်တင်နာ ဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## English Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆:၀၀ | ပွဲကြိုသုံးသပ်ချက် (၁) | 5-Sports |
| ၆:၃၀ | ပွဲကြိုသုံးသပ်ချက် (၂) | 5-Sports(Live) |
| ၇:၁၀ | Fulham - West Ham | 5-Sports(Live) |
| ၉:၂၅ | Liverpool - Watford | 5-Sports(Live) |
| | Aston Villa - Man Utd | 5-Series(Live) |
| | Newcastle - Tottenham | 5-Cartoons(Live) |
| ၁၁:၄၀ | Wigan - Chelsea | 5-Series(Live) |
| ၁၂:၀၀ | Arsenal - Blackburn | 5-Sports(SDD) |



(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ဟောပြောပွဲနှင့် နယ်လှည့် စာကြည့်တိုက် ဖွင့်ပွဲကို ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အဆောက်အအုံတွင် ဒီဇင်ဘာ ၁၆ရက်က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စမ်းစမ်းအေးနှင့် အမှတ်(၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)



**အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။** (သတင်းစဉ်)

● ကျောဖုံးမှ

ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ အကြံပြုချက် စာတမ်းများကို ကိုယ်စားလှယ် လေးဦးတို့က ဖတ်ကြားတင်ပြကြသည်။

ယနေ့ကျင်းပသည့် အမျိုးသား ညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်၊ ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိအမျိုးသား ညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့် ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီနှင့် ‘ဝ’ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးပါတီ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှနိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ (၅)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ (၆)၊ ကချင်ပြည်နယ်အထူးဒေသ (၁)၊ ကချင်ပြည်နယ် အထူးဒေသ (၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ (၃)၊ ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP)(နဂါး)အဖွဲ့၊ ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ (KNPP) (ဟိုယာ)၊ ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးပါတီ (ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး(DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ်အဖွဲ့)၊ ရခိုင်တပ်မတော် (AA)အဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး(MTA)အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့(ချောင်ချိဒေသ)နှင့် မွန်နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက်၇နာရီခွဲမှစတင်၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များနှင့် အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံစုံညီ အစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ် ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောဖီးလစ်(ခ) ဦးဖီးလစ်ဆမ်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဝင် ဦးမျိုးသန့်(မောင်ဆုရှင်)၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီး၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခ) ဦးလှမြင့်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့်၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့်၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးတင်ခနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဒေါက်တာမနန်တူးဂျာတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၀ ရှိပြီး ညီလာခံကိုယ်စားလှယ် ၁၀၆၅ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၁ ရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်း အခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော် အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့၏ အကြံပြုချက်စာတမ်းများကို ကိုယ်စားလှယ်များ ဖတ်ကြားတင်ပြကြရာ ရှေးဦးစွာ လားဟူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ၏ အကြံပြုချက်စာတမ်းကို ယင်းပါတီမှ ကိုယ်စားလှယ် ဦးကျာဟားရှဲက ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၏ အကြံပြုချက်စာတမ်းကို ယင်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ဦးစောစံရွှေက ဖတ်ကြားတင်ပြပြီး အမျိုးသား ညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀နာရီတွင်ခေတ္တရပ်နားသည်။

ဆက်လက်၍ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀နာရီ ၁၅မိနစ်တွင် ပြန်လည်ကျင်းပရာ ရှေးဦးစွာ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ အကြံပြုချက် စာတမ်းကို ယင်းပါတီမှ ကိုယ်စားလှယ် ဦးခင်မောင်အေးက ဖတ်ကြားတင်ပြသည်။

ထို့နောက် ‘ဝ’ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အကြံပြုချက် စာတမ်းကို ယင်းပါတီမှ ကိုယ်စားလှယ် ဦးညီပလုပ်က ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁နာရီတွင် ရပ်နားလိုက်သည်။

**[ယနေ့ ဖတ်ကြား တင်ပြသွားသည့် လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် ‘ဝ’ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ပါတီတို့၏ အကြံပြုချက် စာတမ်းများကို ဆက်လက်ဖော်ပြသွားမည် ဖြစ်ပါသည်။]**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဒီဇင်ဘာ ၂၆ ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

## လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီနှင့် ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့၏ အကြံပြုချက်စာတမ်းများကို ဆက်လက်ဖော်ပြသွားမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင်ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တင်ပြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သော လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့၏ အကြံပြုချက်စာတမ်းတို့ကို ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။**

(သတင်းစဉ်)

## စလေ အထက အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

စလေ ကျောင်းသူ၊ ကျောင်းသားများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို စလေ(အထက)၌ ဒီဇင်ဘာ ၃၁ရက် နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အဝေးရောက်ဆရာများနှင့် ကျောင်းသားကျောင်းသူများ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

## မျိုးချစ်စိတ်မှသည် . . .

✡ မျိုးချစ်စိတ်
ထိပ်ပန်ဆင်
စဉ်အမြဲ
တွဲလက်ညီ
တည်ထောင်ဖို့
ဒို့ဝန်တာ
ထာဝစဉ်
ယှဉ်လက်တွဲ
မြဲထိန်းသိမ်း။

✡ ဦးတည်ချက်
ပျက်မယွင်း
မင်းလည်းပါ
ငါလည်းထမ်း
လမ်းမှန်လျှောက်
ရောက်ရန်ရေး
လေးစားကာ
တာဝန်ထမ်း
လမ်းမပျောက်။

✡ ညီလာခံ
သာရန်ရေး
ဆွေးနွေးစဉ်
သင်လည်းပါ
ငါလည်းဆိုင်
ပြိုင်ယှဉ်နွဲ
တွဲလက်ကူ
တူတူညီ
ရှိရှိပြီး။ ။

**(အမျိုးသားညီလာခံကြီးအား ဂုဏ်ပြုလျက်-)**

**ဖိုးရန်နိုင်( ကျောက်ကြီး )**

# မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ဆက်ဆံရေးဆက်လက်တိုးတက်စေရန် နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်နားလည်မှု ပိုမိုတိုးတက်စေရေး နှစ် (၅၀) မြောက် မြန်မာ–တရုတ် တွေ့ဆုံပွဲတော်အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၂

**နှစ်(၅၀)မြောက် မြန်မာ–တရုတ် တွေ့ဆုံပွဲတော် အထိမ်းအမှတ်အဖြစ် စိုက်ပျိုးထားရှိသော စကားဝါပင်၏ ကြေးပြားမော်ကွန်းကမ္ပည်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲ မန်စီမြို့ရှိ မန်စီဟိုတယ် ပရဝုဏ်ရှိ အဆိုပါ စကားဝါပင်ရှေ့၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ ကောင်စစ်ဝန်ချုပ် ဦးမျိုးတင့်နှင့် တာဝန်ရှိသူများ၊ မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ယာယီအုပ်ချုပ်ရေးမှူး မစ္စတာ ချင်ကွမ်ယုံ၊ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာလျိုဖင်၊ တယ်ဟုန်ပြည်နယ်ခွဲ ပါတီအတွင်းရေးမှူး မစ္စတာလျိုယီဖင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွမ်မု၊ တယ်ဟုန်ပြည်နယ်ခွဲ အုပ်ချုပ်ရေးမှူး မစ္စတာမွန်ပြည့်စွမ်းနှင့် တာဝန်ရှိသူများ၊ တရုတ်တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ၊ မြန်မာနိုင်ငံမှ ရှမ်း၊ ကချင်နှင့် ပလောင်မျိုးနွယ်စု တိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ကြသည်။**

## ဖွင့်လှစ်ပေး

ရှေးဦးစွာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ယူနန်ပြည်နယ် ယာယီအုပ်ချုပ်ရေးမှူး မစ္စတာ ချင်ကွမ်ယုံတို့က နှစ်(၅၀)မြောက် မြန်မာ–တရုတ်တွေ့ဆုံပွဲတော်အထိမ်းအမှတ်ဖြစ်သည့် စကားဝါပင်၏ ကြေးပြားမော်ကွန်းကမ္ပည်းကို ဖွင့်လှစ်ပေးလိုက်ကြသည်။

ထို့နောက် နှစ်(၅၀)မြောက် မြန်မာ–တရုတ် တွေ့ဆုံပွဲတော် အထိမ်းအမှတ်ပြတိုက်ဖွင့်ပွဲကို မန်စီရင်ပြင်ရှိ အဆိုပါ ပြတိုက်၌ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် အဖွဲ့ဝင်များ၊ ယူနန်ပြည်နယ် ယာယီအုပ်ချုပ်ရေးမှူး မစ္စတာချင်ကွမ်ယုံနှင့် အဖွဲ့ဝင်များက ဖဲကြိုးဖြတ်၍ ပြတိုက်ကို ဖွင့်လှစ်ပေးကြသည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် ပြတိုက်အတွင်းပြသထားသော မြန်မာ–တရုတ် တွေ့ဆုံပွဲ သမိုင်းဝင် မှတ်တမ်းဓာတ်ပုံများကို လှည့်လည် ကြည့်ရှုကြသည်။

ဆက်လက်၍ နှစ်(၅၀)မြောက် မြန်မာ–တရုတ် တွေ့ဆုံပွဲတော် ပျော်ပွဲရွှင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို နံနက် ၁၀ နာရီတွင် မန်စီရင်ပြင်၌ ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို လွှင့်တင်၍ အခမ်းအနားကို စတင်သည်။

## သမိုင်းမှတ်တိုင်

ထို့နောက် တယ်ဟုန်ပြည်နယ်ခွဲ ပါတီ အတွင်းရေးမှူး မစ္စတာလျိုယီဖင်က မြန်မာ–တရုတ် အိမ်နီးချင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံခဲ့မှုသည် ယခု နှစ်(၅၀)ပြည့်မြောက်ခဲ့သကဲ့သို့ ယနေ့ကျင်းပသည့် နှစ်(၅၀)မြောက် မြန်မာ–တရုတ် တွေ့ဆုံပွဲတော်သည်လည်း နိုင်ငံတကာ သမိုင်းတွင် မကြုံစဖူး ထူးခြားမှု ဖြစ်ပါကြောင်း၊ ဤတွေ့ဆုံပွဲတော် ပျော်ပွဲရွှင်ပွဲသည် ကြီးကျယ်ခမ်းနားပါသဖြင့် နှစ်နိုင်ငံ အိမ်နီးချင်းကောင်း ဆက်ဆံမှု သမိုင်းတွင် အဓိပ္ပာယ်ရှိသည့်အတွက် မြန်မာ–တရုတ် နိုင်ငံသူ နိုင်ငံသားများ၏ ရင်ဝယ် အမှတ်ရနေစေမည့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သဖြင့် မြန်မာ–တရုတ် ချစ်ကြည်ရင်းနှီးမှု အမြဲထာဝစဉ် တည်တံ့ခိုင်မြဲပါစေကြောင်းကို ဆုမွန်ကောင်း တောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက မိန့်ခွန်းပြောကြားရာတွင် မြန်မာ–တရုတ်နှစ်နိုင်ငံတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းက ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့ကြသည်ကိုလည်း သမိုင်းအထောက်အထားများအရ တွေ့ရပါကြောင်း။

## အစောဆုံးအသိအမှတ်ပြု

၁၉၄၉ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ရာ၌ မြန်မာနိုင်ငံသည် အစောဆုံး အသိအမှတ်ပြုခဲ့သည့် နိုင်ငံများထဲက တစ်နိုင်ငံဖြစ်ပါကြောင်း၊ သံတမန်ဆက်ဆံရေးကိုလည်း ၁၉၅၀ ပြည့်နှစ်တွင် တရားဝင် ထူထောင်ခဲ့ခြင်းဖြစ်သည့်အတွက် ယခုနှစ်ဆိုလျှင် (၅၆)နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါကြောင်း။

၁၉၅၄ ခုနှစ် ဇွန်လတွင် တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ချူအင်လိုင်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ်လာရောက်ခဲ့ပြီး ခရီးစဉ်ကပင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး မူကြီး(၅)ရပ်ကို နှစ်နိုင်ငံပူးတွဲကြေညာနိုင်ခဲ့ပါကြောင်း။

## အပြန်အလှန်လည်ပတ်

လွန်ခဲ့သည့် နှစ်များအတွင်း မြန်မာ–တရုတ် နှစ်နိုင်ငံခေါင်းဆောင်များသည် ချစ်ကြည်ရင်းနှီးမှု အစဉ်အလာကောင်းများကို ထိန်းသိမ်းကြပြီး အပြန်အလှန်လည်ပတ်တွေ့ဆုံခဲ့ကြသည့် အစဉ်အလာများ ရှိခဲ့ကြပါကြောင်း။

၂၀၀၃ ခုနှစ် ဇန်နဝါရီလတွင် အဆိုပါအချိန်က တရုတ်နိုင်ငံသမ္မတကြီး မစ္စတာ ကျန်စီမင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်ကို သွားရောက်ခဲ့ပါကြောင်း။

တရုတ်–မြန်မာ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် ၂၀၀၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ယင်းအချိန်က ဒုတိယသမ္မတနှင့် ယခုသမ္မတ မစ္စတာ ဟူကျင်တောင်တို့သည် အပြန်အလှန်လည်ပတ်ခဲ့ကြပါကြောင်း၊ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းကလည်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် တရုတ်နိုင်ငံ နန်နင်းမြို့၌ တရုတ်–အာဆီယံဆက်ဆံရေး (၁၅)နှစ်မြောက်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးကို တက်ရောက်ခဲ့ပြီး တရုတ်နိုင်ငံ ဝန်ကြီးချုပ်နှင့်လည်း တွေ့ဆုံခဲ့ပါကြောင်း။

## အိမ်နီးချင်းကောင်း

ဤကဲ့သို့ နှစ်ဖက်ခေါင်းဆောင်များ အပြန်အလှန် လည်ပတ်ခြင်းမှ နှစ်နိုင်ငံ ခေါင်းဆောင်များအကြား နှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုများတွင် နားလည်မှုများ ရရှိစေခဲ့ပါကြောင်း၊ မြန်မာ–တရုတ် အစဉ်အလာကောင်း အိမ်နီးချင်းကောင်းပီသသည့် ချစ်ခင်ရင်းနှီးမှု အဆက်မပြတ် ဖွံ့ဖြိုးစေရန် ခိုင်ခံ့သည့် အခြေခံကောင်းများ ဖြစ်စေပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား တည်ရှိနေသည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး တရုတ်နိုင်ငံက မိမိတို့ မြန်မာနိုင်ငံအပေါ်၌ စီးပွားရေးအကူအညီများသာမက နိုင်ငံတကာနယ်ပယ်တွင်လည်း ကူညီမှုများ ပေးနေသည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ပြီးခဲ့သည့် နှစ်နှစ်အတွင်း နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ သဘောတူညီမှုပေါင်း ၃၀ ကျော်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မည်မျှအထိ တိုးတက်လာခဲ့သည်ကို သိရှိနိုင်ပါကြောင်း။

## အထောက်အကူ

နိဂုံးချုပ်အနေဖြင့် ဤကဲ့သို့ အထိမ်းအမှတ် ပြုလုပ်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ဆက်ဆံရေး ဆက်လက်တိုးတက်စေရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်နားလည်မှု ပိုမိုတိုးတက်စေရေးအတွက် ကြီးမားသော အထောက်အကူ ဖြစ်စေပါကြောင်း။

ထို့ကြောင့် မိမိတို့၏ ရရှိပြီးသား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ခိုင်မာစေရန်အတွက် ဆတက်ထမ်းပိုး ကြိုးပမ်းကြရန် တိုက်တွန်းပါကြောင်း၊ တရုတ်–မြန်မာချစ်ကြည်ရေး အစွန့်ရှည်တည်တံ့ရန်နှင့် နှစ်နိုင်ငံပြည်သူများ တိုးတက်သာယာဝပြောရေးအတွက် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ယူနန်ပြည်နယ် ယာယီအုပ်ချုပ်ရေးမှူး မစ္စတာ ချင်ကွမ်ယုံက မြန်မာ–တရုတ် နှစ်နိုင်ငံဆက်ဆံရေးတွင် နှစ်ဖက်နိုင်ငံခေါင်းဆောင်များနှင့် ပြည်သူပြည်သားများ အပြန်အလှန်သွားလာတွေ့ဆုံမှုများသာမက နှစ်နိုင်ငံ ချစ်ကြည်ရေး ပိုမိုတိုးတက်ခိုင်မြဲစေရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုအစိုးရက ချမှတ်ထားသည့် **"အိမ်နီးချင်းကို အဖော်အဖက်ဖြင့် စိတ်ကောင်းစေတနာဖြင့် ဆက်ဆံခြင်း၊ အိမ်နီးချင်းနှင့် ချစ်ခင် သင့်မြတ်စွာ မိတ်ဖြစ်ဆက်ဆံခြင်း၊ အိမ်နီးချင်းကို တည်ငြိမ်အေးချမ်းစေခြင်းနှင့် အိမ်နီးချင်းကို ချမ်းသာကြွယ်ဝစေခြင်း"** ဟူသော အိမ်နီးချင်း သံတမန်မူဝါဒကို တိကျမှန်ကန်စွာဖြင့် လိုက်နာ ကျင့်သုံးသွားမည်ဖြစ်ရာ အဆိုပါ မူဝါဒများဖြင့် မိမိတို့၏ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ပိုမို တိုးမြှင့်အစွန့်ရှည်ပါစေဟု ဆုမွန်ကောင်းများ တောင်းအပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် နှစ်(၅၀)မြောက် မြန်မာ–တရုတ် တွေ့ဆုံပွဲပျော်ပွဲရွှင်ပွဲကို မီးရှူးမီးပန်းများ၊ ရွှေချည်ငွေချည်ပန်းများ ပစ်ဖောက်ဖွင့်လှစ်ပေးလိုက်ရာ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အကအဖွဲ့များနှင့်အတူ တပျော်တပါး ကခုန်ကြပြီး တွေ့ဆုံပွဲတော် ပျော်ပွဲရွှင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ပျော်ဖြေတင်ဆက်

ညပိုင်းတွင် မန်စီရင်ပြင်၌ တရုတ်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များနှင့်တေးသံရှင်များက တရုတ်–မြန်မာ နှစ်နိုင်ငံ အကပဒေသာများ၊ တေးသံသာများဖြင့် ကပြသီဆို ဖျော်ဖြေတင်ဆက်ကြသည်။

အလားတူ မွန်းလွဲ ၂ နာရီခွဲတွင် နှစ်(၅၀)မြောက် မြန်မာ–တရုတ် တွေ့ဆုံပွဲတော် အထိမ်းအမှတ်အဖြစ် မြန်မာ–ယူနန် စီးပွားရေးနှင့် ကုန်သွယ်မှု ဖွံ့ဖြိုးရေး ဆွေးနွေးပွဲကို မန်စီဟိုတယ်၌လည်းကောင်း၊ မြန်မာ–ယူနန် ခရီးသွားလာရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲကို မန်စီမြို့တော်ခန်းမ၌ လည်းကောင်း ကျင်းပရာ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်လေ့လာကြသည်။

## တွေ့ဆုံနှုတ်ဆက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းအား ယူနန်ပြည်နယ် ယာယီ အုပ်ချုပ်ရေးမှူး မစ္စတာ ချင်ကွမ်ယုံသည် ဒီဇင်ဘာ ၁၅ ရက် ညနေ ၅ နာရီ မိနစ် ၂၀ တွင် မန်စီဟိုတယ်သို့ လာရောက် တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ ကောင်စစ်ဝန်ချုပ် ဦးမျိုးတင့်၊ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တယ်ဟုန် ပြည်နယ်ခွဲ ပါတီအတွင်းရေးမှူး မစ္စတာလျိုယီဖင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် တယ်ဟုန်ပြည်နယ်ခွဲ အုပ်ချုပ်ရေးမှူး မစ္စတာ မွန်ပီကွမ်းတို့ တက်ရောက်ကြသည်။

## ဂုဏ်ပြုညစာတည်ခင်း

ညပိုင်းတွင် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် နှစ်(၅၀)မြောက် မြန်မာ–တရုတ် တွေ့ဆုံပွဲတော် အခမ်းအနားသို့ တက်ရောက်လာကြသူများအား မန်စီဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နှစ်(၅၀)မြောက် မြန်မာ–တရုတ် တွေ့ဆုံပွဲတော် အခမ်းအနားနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ဒီဇင်ဘာ ၁၄ ရက် ည ၈ နာရီတွင် မန်စီဟိုတယ်၌ ကျင်းပရာ တယ်ဟုန်ပြည်နယ်ခွဲ အုပ်ချုပ်ရေးမှူး မစ္စတာ မွန်ပီကွမ်း၊ ပြန်ကြားရေးဌာနမှူး မစ္စတာ ထင့်တာရီနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာနမှ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ သတင်းနှင့် ရုပ်မြင်သံကြားဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

## ရှင်းလင်းပြောကြား

သတင်းစာရှင်းလင်းပွဲတွင် တယ်ဟုန်ပြည်နယ်ခွဲ အုပ်ချုပ်ရေးမှူး မစ္စတာ မွန်ပီကွမ်း၊ ပြန်ကြားရေးဌာနမှူး မစ္စတာ ထင့်တာရီနှင့် တာဝန်ရှိသူများက နှစ်(၅၀)မြောက် မြန်မာ–တရုတ် တွေ့ဆုံပွဲတော် အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၇ ရက် ညနေပိုင်းတွင် တိန်ချုန်းမြို့၌ တိန်ချုန်းခရိုင် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံကြပြီး ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။ **(သတင်းစဉ်)**



**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ နှစ်(၅၀)မြောက် မြန်မာ–တရုတ် တွေ့ဆုံပွဲတော်အထိမ်းအမှတ်ပြတိုက်အတွင်း ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

---

## မအူကုန်း ၁၃၃ လမ်း သံဃာ့ဒါနဆွမ်းလောင်းအသင်း ရေစက်ချတရားပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

တာမွေမြို့နယ် မအူကုန်းရပ်ကွက် ၁၃၃ လမ်းမိသားစု သံဃာ့ဒါန ဆွမ်းလောင်းအသင်းက ကြီးမှူး၍ ဒသမအကြိမ်မြောက် (ဗုဒ္ဓဟူးနေ့) အပတ်စဉ်ဝါတွင်း၊ ဝါပဆွမ်းလောင်းလှူရေစက်ချတရားပွဲကျင်းပ မည်ဖြစ်ရာ ဒီဇင်ဘာ ၂၆ ရက်တွင် အရှင်နန္ဒိယ(တောင်သာ) သဒ္ဓမ္မရံသီရိပ်သာကျောင်းတိုက်၊ ၂၇ ရက်တွင် ပိဋကတ်တစ်ပုံခွဲဆောင် အရှင်ခေမာသိရီလင်္ကာရ ရွှေပြည်ဟိန်းကျောင်းတိုက်၊ ၂၉ ရက်တွင် အဂ္ဂမဟာအကျော် ဒေါက်တာဝိလာ သာလင်္ကာရ ရတနာသိခ်ကျောင်းတိုက်၊ ၃၀ ရက်တွင် ဆယ်ဘွဲ့ရ အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟသ်ာ)၊ ၃၁ ရက်တွင် အရှင်ပညာ သေဋ္ဌာလင်္ကာရ ရွှေပြည်အေးကျောင်းတိုက်တို့က ညစဉ် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဤဖွဲ့စည်းပုံအခြေခံဥပဒေ မြန်မာစာမူတစ်ခုကို အမျိုးသားမော်ကွန်းတိုက်တွင် မော်ကွန်းတင်ထားရှိရမည် ထိုစာမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ် သက်သေအရာတည်စေရမည်




ရန်ကုန် ဒီဇင်ဘာ ၂၂

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၁ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ရှမ်းပြည် ကိုးကန့် ဒီမိုကရက်တစ်ပါတီ၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**

လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အစုအဖွဲ့များမှ ညီလာခံကိုယ်စားလှယ် များအားလုံး ကျန်းမာချမ်းသာ၍ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီကို ကိုယ်စားပြု အမျိုးသားညီလာခံကိုယ်စားလှယ် ဦးခေါင်ဒိုင် ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခန်းတစ်ခန်းအဖြစ် ပါဝင်မယ့် “ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း အခန်း”နဲ့စပ်လျဉ်းပြီး လုပ်ငန်း ကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းသွားရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ပြင်ဆင်လိုပါက မည်သည့်နည်းလမ်းနဲ့ ပြင်ဆင်ရမယ်ဆိုတာနဲ့ စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၁(က)(ခ) တွင်လည်းကောင်း၊ ပြင်ဆင်ရန်လိုအပ် သော အခြေခံဥပဒေမူကြမ်းကို တင်သွင်းရာမှာ ပြည်ထောင်စုလွှတ်တော်၌သာ တင်သွင်းရမယ်လို့ စုစည်းချက်အပိုဒ် ၂ တွင်လည်းကောင်း၊ စုစည်းချက်အပိုဒ် ၃ တွင် ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းလာသော ကိုယ်စားလှယ် အရေ အတွက်နဲ့ ပတ်သက်ပြီး ရှင်းလင်းထားချက်များသည် အသေးစိတ် အခြေခံ ရမယ့်မူအဖြစ် ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

စုစည်းချက်အပိုဒ် ၄(က)မှာ ချမှတ်ခဲ့ပြီးဖြစ်တဲ့ အခြေခံရမယ့်မူများနှင့် အသေးစိတ်အခြေခံရမယ့်မူများရှိ နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှု အပိုင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့ရှိ ပြဋ္ဌာန်းချက် များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက် ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။

စုစည်းချက်အပိုဒ် ၄ (ခ)၌ အပိုဒ်(က)တွင် ဖော်ပြထားတဲ့ ပြဋ္ဌာန်းချက် များမှအပ အခြားပြဋ္ဌာန်းချက်များကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်လို့ ရှင်းလင်းတင်ပြထားတာ လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ခြင်းအခန်းနဲ့စပ်လျဉ်း၍ စုစည်း ချက်အပိုဒ် ၄(က)(ခ)(ဂ)နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီ၏ သဘောထားကို ဆွေးနွေးတင်ပြလိုပါတယ်။

လွတ်လပ်သော နိုင်ငံတည်ဆောက်ပြီးတဲ့နောက်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြဋ္ဌာန်းထားပြီးနောက် နိုင်ငံ၏ အခြေအနေအရသော် လည်းကောင်း၊ အခြေအနေတစ်ရပ်ရပ်ကြောင့်သော်လည်းကောင်း၊ ပြင်ဆင်ရမည့် အခြေအနေမျိုး ပေါ်ပေါက်လာခဲ့ရင်လည်းကောင်း၊ ချမှတ်ပြီး အခြေခံဥပဒေ မူအချို့ကို ပြင်ဆင်လေ့ရှိကြပါတယ်။ ဒီလိုပြင်ဆင်ရာမှာ နိုင်ငံတော်၏ အသက် သွေးကြောတစ်ချောင်း ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။ တိုင်းသူပြည်သားများ အားလုံး၏ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဖြင့်သော် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကျော် သဘောတူညီချက်ရရှိမှ ပြင်ဆင်ရမည့် အစား သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ငါးဆယ်ရာခိုင်နှုန်း (၅၀%)ကျော် သဘောတူဆန္ဒပြုပါက သတ်မှတ်ပြင်ဆင်ရမည်ဟု ပြဋ္ဌာန်းတယ်လို့ အခြေခံမူတစ်ရပ်အဖြစ် ချမှတ်ထားပါက သင့်လျော်သည်ဟု အခြေခံမူချမှတ် သင့်ပါကြောင်း ဆွေးနွေးအကြံပြုပါတယ်။

ဒါကြောင့် စုစည်းချက်အပိုဒ် ၄(က)မှာ ချမှတ်ခဲ့ပြီးဖြစ်သည့် အခြေခံရမယ့် မူများနှင့် အသေးစိတ်အခြေခံရမယ့်မူများရှိ နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် အားလုံး၏ ငါးဆယ်ရာခိုင်နှုန်း(၅၀%)ကျော်က ပြင်ဆင်ရန် သဘောတူလက်ခံ ပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။

၄(ခ) “အပိုဒ်(က)တွင် ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ငါးဆယ်ရာခိုင်နှုန်းဆန္ဒမဲဖြင့် သာ ပြင်ဆင်ရမည်”ဟု လည်းကောင်း၊ ၄ (ဂ) “အပိုဒ်(က)ပါ အခန်းများနှင့် သက်ဆိုင်အကျုံးဝင်မည့် ပုဒ်မများကို ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲသည့် အခါ ထည့်သွင်းပြဋ္ဌာန်းရမည်”ဟု အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြောင်းလဲ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော် အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းများနဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြား သွားတဲ့ နိုင်ငံတော်အလံ အခန်းကို ဆွေးနွေးတင်ပြလိုပါတယ်။

လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့ ကမ္ဘာ့နိုင်ငံတိုင်းမှာ နိုင်ငံတော် အလံ၊ အထိမ်းအမှတ်တံဆိပ်၊ နိုင်ငံတော်သီချင်းများ ရှိကြပါတယ်ဆိုတာ မှန်ကန်ပါတယ်။ ကျွန်တော်တို့နိုင်ငံတော်မှာလည်း ရှိပါတယ်။ နိုင်ငံတော်အလံနဲ့ စပ်လျဉ်းပြီး အသုံးပြုကြရာမှာ လိုက်နာရမယ့်အချက်တွေ၊ ရှောင်ကြဉ်ရမည့် အချက်တွေ၊ ယင်းအချက်ကို ဖောက်ဖျက်ကျူးလွန်ရင် ချမှတ်ခံရမယ့်ပြစ်ဒဏ်များ ကို သီးခြားပြဋ္ဌာန်း ချမှတ်သည်များ ပြုကြသည်မှာလည်း သီးခြားဥပဒေများ သတ်မှတ်ထားတာများလည်း ရှိသည်မှာ သင့်လျော်မှန်ကန်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

မိမိ၏ နိုင်ငံတော်အလံကို သတ်မှတ်ကြရာ၌ သက်ဆိုင်ရာတိုင်းရင်းသား လူမျိုးများအားလုံးနဲ့ သက်ဆိုင်ရာနိုင်ငံသားများအနေနဲ့ မိမိတို့၏ နိုင်ငံမှာ ဖြစ်ပေါ်ခဲ့တဲ့ သမိုင်းကြောင်းများ၊ နိုင်ငံအတွင်းမှာ နေထိုင်လျက်ရှိကြတဲ့ တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံသားများနဲ့ နိုင်ငံရဲ့ပကတိသဘာဝ အခြေအနေ များကို အခြေခံပြီး ရေးဆွဲအတည်ပြု အသုံးပြုကြတာများကို တွေ့ရှိကြရမှာ ဖြစ်ပါတယ်။ မိမိရဲ့တိုင်းပြည်၊ နိုင်ငံတော်ရဲ့ သမိုင်းကြောင်းများအရ လိုက်ဖက် ညီထွေတဲ့ အရောင်များကိုလည်း သတ်မှတ်အသုံးပြုကြသည်များကို တွေ့ရှိကြ ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတော်မှာ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ နိုင်ငံတော်အလံကို အနီရောင်ခံဖြစ်ပြီး၊ လက်ဝဲဘက် အထက် ထောင့်၌ အပြာရင့်အခန်းဖွင့်ပြီး ထိုအပြာရင့်ရောင်အခန်း၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် တိုင်းနှင့်ပြည်နယ်၊ တိုင်းရင်းသားလူမျိုးများကို ကိုယ်စား ပြုတဲ့ ရောင်ခြည်လက်ငါးခုနဲ့ ကြယ်ဖြူပွင့်ကြီးကို ကြယ်ဖြူလေး ငါးပွင့်နဲ့

**နိုင်ငံတော်သီချင်းအဖြစ် လက်ရှိနိုင်ငံတော်သီချင်းကို သတ်မှတ်သည်**
**နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်**

ဝန်းရံလျက်ရှိတဲ့ “နိုင်ငံတော်အလံ”ကို ပြဋ္ဌာန်းအတည်ပြု အသုံးပြုခဲ့ကြ ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၁၉၄၇ခုနှစ်နဲ့ ၁၉၇၄ခုနှစ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေများ အရ ပြဋ္ဌာန်းအတည်ပြု အသုံးပြုခဲ့သည့် နိုင်ငံတော်အလံတော်တွင် အသုံးပြုခဲ့တဲ့ ငြိမ်းချမ်းသာယာခြင်းနဲ့ တည်ကြည်ခြင်း သဘောအဓိပ္ပာယ် သဘောဆောင်တဲ့ အပြာရောင်ကို အသုံးမပြုထားတော့တာကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်း တင်ပြချက်များအရ တွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံဖြစ် တဲ့အလျောက်၊ စိုက်ပျိုးရေးလုပ်ငန်းများကို အခြေပြုပြီး ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်လျက်ရှိတဲ့အလျောက် နိုင်ငံတော်အလံမှာ အစိမ်းရောင်၊ စည်းလုံးညီညွတ်ခြင်းနဲ့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာရှိခြင်းကို ကိုယ်စားပြုသော သဘောဆောင်တဲ့အဝါရောင်၊ ရဲရင့်တည်ကြည်ခြင်းနဲ့ ခိုင်မာ ပြတ်သားသော အနက်အဓိပ္ပာယ်ဖော်ဆောင်တဲ့ အနီရောင်တို့ကို သတ်မှတ် အသုံးပြုခြင်းသည် သင့်လျော်ပါသည်ဟု ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးနဲ့ညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား–**

နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်၊ နိုင်ငံတော်သီချင်း၊ နိုင်ငံတော်၏ မြို့တော်အခန်းများနဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကြီး၏ ရှင်းလင်းတင်ပြချက်များသည် နိုင်ငံတော်ရဲ့သမိုင်းအရ သော်လည်း ကောင်း၊ ဝေါဟာရပြည့်စုံမှု၊ သဘာဝကျမှုများသည် အင်မတန် ပြည့်စုံပြီး ဖြစ်သည့်အတွက် ကျွန်တော်တို့ပါတီမှ ထပ်မံအကြံပြုဆွေးနွေးရန် မရှိပါကြောင်း။

ဒါ့ကြောင့်–

“နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်သည် အောက်ဖော်ပြပါအတိုင်းဖြစ်သည်။ နိုင်ငံတော်သီချင်းအဖြစ် လက်ရှိနိုင်ငံတော်သီချင်းကို သတ်မှတ်သည်။ နေပြည်တော် သည် နိုင်ငံတော်၏မြို့တော်ဖြစ်သည်”ဟု အသေးစိတ်အခြေခံရမယ့် မူအဖြစ် ချမှတ်သင့်ကြောင်း ထောက်ခံအပ်ပါတယ်။

**သဘာပတိကြီးနဲ့အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အခန်းတစ်ခန်းအဖြစ် ပါဝင်မယ့် ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူများနှင့်စပ်လျဉ်းပြီး ကျွန်တော်တို့ရှမ်းပြည်ကိုးကန့် ဒီမိုကရက် တစ်ပါတီ၏ သဘောထားကိုဆွေးနွေးတင်ပြသွားပါမယ်။ ကမ္ဘာ့နိုင်ငံအတော် များများတွင် နိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပြဋ္ဌာန်းတဲ့အခါ ဥပဒေအသစ် ပြဋ္ဌာန်းခြင်းမပြုနိုင်ခင် ကာလ၌ တည်ရှိခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေများရှိသကဲ့သို့ ပြဋ္ဌာန်းပြီးနောက် တည်ရှိလာမယ့် ဥပဒေအသစ်အခြေ အနေတွေဟာ တစ်ခုနဲ့တစ်ခုတူညီကြသည်များရှိသကဲ့သို့ အသွင်တစ်မျိုးမှ အခြားအသွင်တစ်မျိုးသို့ ကူးပြောင်းသွားသည်များလည်းရှိပါတယ်။ ဒီလို ကူးပြောင်းသွားတဲ့အခါမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့ အဓိကမဏ္ဍိုင်များနဲ့ စီးပွားရေး၊ လူမှုရေး အဆောက်အအုံကိုလည်း ပြောင်းလဲ သွားမှာဖြစ်ပါတယ်။



**စာတမ်း ဖတ်ကြား**

**ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီမှ ဦးခေါင်ဒိုင် ရှမ်းပြည် ကိုးကန့် ဒီမိုကရက်တစ် ပါတီ၏ အကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြစဉ်။**

(သတင်းစဉ်)

ဒါကြောင့် အကူးအပြောင်းကာလမှာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ များ စဉ်ဆက်မပြတ် ဆက်လက်တည်ရှိလည်ပတ်နေဖို့နဲ့ ထပ်မံဆောင်ရွက် ရမယ့် နိုင်ငံတော်ရဲ့လုပ်ငန်း တာဝန်တွေဟာလည်း စဉ်ဆက်မပြတ်တည်ရှိစေဖို့ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းရန်လိုအပ်မှာ ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေများကို လေ့လာကြည့်တဲ့အခါ နိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ ထည့်သွင်းပြဋ္ဌာန်းထားတာ တွေ့ရသလို မြန်မာနိုင်ငံတော်ရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေမှာလည်း ကူးပြောင်းကာလပြဋ္ဌာန်းချက်များကို ပြဋ္ဌာန်းထားတာ တွေ့ရပါ တယ်လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းဆွေးနွေးသွားပါတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာတော့ အထွေထွေပြဋ္ဌာန်းချက်များအခန်းမှာ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များကို ထည့်သွင်းပြဋ္ဌာန်းထားတယ်လို့ ရှင်းလင်းပြောကြားထားခဲ့ပါတယ်။ ၁၉၇၄ခုနှစ် မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၉၅တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံ ယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည် ပြုပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်ဟု ပြဋ္ဌာန်းထားပါတယ်လို့ ဆွေးနွေးတင်ပြထားပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ယခုအခါ ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ရေးအတွက် အကောင် အထည်ဖော်လျက်ရှိပါတယ်။ ဤအမျိုးသား ညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းကို ရေးဆွဲခြင်း၊ ရေးဆွဲပြီးပါက ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် လွှတ်တော် အမတ်များကို ရွေးကောက်တင်မြှောက်နိုင်ရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော် ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်း၊ ပြည်ထောင်စု လွှတ်တော်မှ ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်မှ ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင် အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ခြင်းကို အမျိုးသားညီလာခံက ချမှတ်ပေးတဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံ ရမယ့် မူများနဲ့အညီ ရေးဆွဲထားတဲ့ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုပြဋ္ဌာန်းပြီး ထိုချမှတ်ထားတဲ့ လုပ်ငန်းစဉ်နဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြု ပြဋ္ဌာန်းသည်မှာ သင့်လျော်မှန်ကန်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာတည်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်တဲ့နေ့မှစပြီး ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် အစည်း အဝေးမကျင်းပမီကာလအတွင်း နိုင်ငံတော်၏အချုပ်အခြာအာဏာကို ဆက်လက် ခံယူကျင့်သုံးနိုင်ရေးနဲ့ စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၁ နှင့် ၂ တွင်လည်းကောင်း၊ စုစည်းချက် အပိုဒ် ၅ တွင် တည်ဆဲဥပဒေများနဲ့ စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကြီး၏ ရှင်းလင်းတင်ပြချက်များသည် အလွန်ပြည့်စုံ မှန်ကန်ပါသဖြင့် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများ ဆက်လက်အတည် ဖြစ်စေရေးနဲ့ စပ်လျဉ်း၍ စုစည်းချက် အပိုဒ် ၆ တွင်လည်း ကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်သည့်နေ့၌ တည်ရှိသော တရားရုံး အဆင့် ဆင့်တွင်ရှိနေသော မှုခင်းများနဲ့စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၇တွင် လည်းကောင်း၊

**စာမျက်နှာ ၆ ကော်လံ ၁ သို့**

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ နှစ်ဆယ်ရာခိုင်နှုန်းက လက်ခံဆွေးနွေးရမည်




ရန်ကုန် ဒီဇင်ဘာ ၂၂

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သော မြို(ခေါ်)ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**

**လေးစားအပ်ပါသော သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များခင်ဗျား–**

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကိုယ်စားလှယ်များအား လေးစားပါကြောင်း ဦးစွာပထမ ပြောကြားလိုပါတယ်။

ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေး အဖွဲ့မှ ကိုယ်စားလှယ် ဦးမောင်ပိန် (ခေါ်) ဦးခင်မောင်သိဏ်း ဖြစ်ပါတယ်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့လျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

၂၀၀၆ ခုနှစ် နိုဝင်ဘာလ(၁၀)ရက်နှင့်(၁၃)ရက်နေ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာမှာ အခန်းတစ်ခန်းအဖြစ် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြား ခဲ့ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတစ်နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းပြီးတဲ့နောက် အခြေအနေနဲ့ အချိန်ကာလအလျောက် ပြင်ဆင်ဖို့ လိုအပ်လာလျှင် ပြင်ဆင်ပေးရမှာ ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာ နည်းလမ်းနှစ်သွယ်နဲ့ ပြင်ဆင်လေ့ရှိတာကို တွေ့ရပါတယ်။

ပထမနည်းလမ်းက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အချို့ကို လွှတ်တော်ကိုယ်စားလှယ် အားလုံးရဲ့ (၃)ပုံ (၂)ပုံက ပြင်ဆင်ရန် လက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ ပြင်ဆင်တဲ့နည်းလမ်း ဖြစ်ပါတယ်။

ဒုတိယနည်းလမ်းက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အချို့ကို လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းက ဖြစ်စေ၊ (၃)ပုံ (၂)ပုံက ဖြစ်စေ သဘောတူလက်ခံပြီး ပြင်ဆင်ခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတို့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ စပ်လျဉ်းပြီး သီးခြားအခန်းအဖြစ် ပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။

နောင်ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့အကြောင်း ပေါ်ပေါက်လာလျှင် မည်သည့်နည်းလမ်းဖြင့် ပြင်ဆင်ရမည်ဆိုတာ သတ်မှတ်ထားဖို့ လိုပါတယ်။ အဲဒီလို ပြင်ဆင်ဖို့နည်းလမ်း သတ်မှတ်ရာမှာ ဥပဒေကြမ်းအဖြစ် အဆိုတင်သွင်းစေသင့်ပြီး ယင်းဥပဒေကြမ်းတွင် အခြားအဆိုပြုချက်များ မပါရှိစေဘဲ ပြင်ဆင်လိုသည့် ပြဋ္ဌာန်းချက်များကိုသာ ထည့်သွင်းဖော်ပြ၍ သတ်မှတ်ထားသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဥပဒေမူကြမ်းကို မည်သည့်လွှတ်တော်ကစတင်ပြီး တင်သွင်းရမယ်ဆိုတာ သတ်မှတ်ထားဖို့ လိုပါတယ်။ နိုင်ငံအချို့မှာ လွှတ်တော်နှစ်ရပ်အနက် မည်သည့်လွှတ်တော်မှာ စတင် တင်သွင်းရမယ်လို့ အတိအကျ သတ်မှတ်ထားလေ့ ရှိပါတယ်။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၀၉ (၁)တွင် "ထိုကဲ့သို့သော ဥပဒေကြမ်းကို ပါလီမန်ဆိုင်ရာ လွှတ်တော် တစ်ရပ်ရပ်၌



**ဖတ်ကြား**

**မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးမောင်ပိန် (ခေါ်) ဦးခင်မောင်သိဏ်း မြို (ခေါ်) ခမိ အမျိုးသား ညီညွတ်ရေး အဖွဲ့၏ အကြံပြုချက်စာတမ်းကို ဖတ်ကြား တင်ပြစဉ်။**
(သတင်းစဉ်)

စတင် တင်သွင်းနိုင်သည်"လို့ ပြဋ္ဌာန်းပြီး ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၉၄ တွင်–

**"(ဂ) ဤဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရန် တင်သွင်းသောအဆိုကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်သို့ တင်ပြနိုင်သည်။**

**(ဃ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန်အဆိုကို ပြည်သူ့ကောင်စီများက တင်ပြသည့်အခါ အောက်မှအထက်သို့ အဆင့်ဆင့်တင်ပြ၍ နောက်ဆုံး၌ ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်"လို့ ပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။**

နောင်ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ရှိပြီး ယင်းလွှတ်တော်နှစ်ရပ်ပေါင်းကို ပြည်ထောင်စုလွှတ်တော်လို့ခေါ်ပြီး အဲဒီပြည်ထောင်စု လွှတ်တော်ကသာ ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းသွားမှာ ဖြစ်တဲ့အတွက် "ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းရမည်"လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အဲဒီလို ပြင်ဆင်ချက်ဥပဒေမူကြမ်းကို တင်သွင်းတဲ့အခါ ပြည်ထောင်စု လွှတ်တော်သို့ တိုက်ရိုက်တင်သွင်းခွင့် မပြုသင့်ဘဲ ပြဋ္ဌာန်းချက်တစ်ရပ်ရပ် သတ်မှတ်ထားပြီး အဲဒီပြဋ္ဌာန်းချက်နဲ့ ကိုက်ညီမှ တင်သွင်းရမယ်လို့ သတ်မှတ်သင့်ပါတယ်။

ဒါကြောင့် "ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ နှစ်ဆယ်ရာခိုင်နှုန်းက လက်ခံဆွေးနွေးရမည်"လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်မသင့် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းဆွေးနွေးခြင်းနဲ့ စပ်လျဉ်း၍ သင့်တော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြထားတဲ့ အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ (ခ)၊ (ဂ)နဲ့ စပ်လျဉ်း၍ အကြံပြု တင်ပြလိုပါတယ်။

အပိုဒ် ၄၊ အပိုဒ်ခွဲ (က)တွင်–

**"ချမှတ်ခဲ့ပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမယ့်မူများရှိ နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါး ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်"**

လို့ ချမှတ်ထားပါတယ်။

နိုင်ငံတစ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းပြီးတဲ့နောက် အခြေအနေ အချိန်အခါအလျောက် ပြင်ဆင်ဖို့လိုအပ်လာလျှင် ကမ္ဘာ့နိုင်ငံတချို့ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာသော်လည်းကောင်း၊ မြန်မာနိုင်ငံရဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာသော်လည်းကောင်း အဓိကကျသော ပုဒ်မများနဲ့ အဆိုပါပြဋ္ဌာန်းချက်များမှအပ တခြားပြဋ္ဌာန်းချက်များကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းဖြင့်သာ ပြင်ဆင်ရမည်ဟု အတိအကျ ပြဋ္ဌာန်းထားရှိမှုကို တွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းနဲ့ စပ်လျဉ်း၍ ကမ္ဘာ့နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း နည်းလမ်း(၂)သွယ်အနက် ပထမနည်းလမ်းက ပြဋ္ဌာန်းချက်အချို့ကို လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ ခုနစ်ဆယ့်ငါး ရာခိုင်နှုန်းက ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့(၃)ပုံ၊(၂)ပုံက ဖြစ်စေ ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ ပြင်ဆင်တဲ့ နည်းလမ်းဖြစ်ပါတယ်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့**

**စာမျက်နှာ ၅ မှ**

စုစည်းချက် အပိုဒ် ၈ မှာတော့ နိုင်ငံ့ဝန်ထမ်းများနဲ့ ပတ်သက်ပြီး ရှင်းလင်းဖော်ပြချက်များသည် ကျွန်တော်တို့၏ နိုင်ငံတော်အတွင်း လက်ရှိအခြေအနေတွေနဲ့ကိုက်ညီသော အချက်များဖြစ်သဖြင့် အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ကြောင်း တင်ပြအပ်ပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား–**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အထွေထွေပြဋ္ဌာန်းချက်များအခန်းနဲ့ စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမယ့်မူများကို ဆွေးနွေးတင်ပြသွားပါမယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဟာ သက်ဆိုင်ရာ နိုင်ငံအနေနဲ့ ဖြတ်သန်းလာခဲ့ရတဲ့ သမိုင်းကြောင်းကို ရောင်ပြန်ဟပ်လျက်ရှိပြီး နိုင်ငံတော်ဖွဲ့စည်းတည်ရှိမှုကို သရုပ်ဖော်တဲ့ ပင်မဥပဒေဖြစ်ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဟာ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာများကို မည်သို့မည်ပုံ ခွဲဝေကျင့်သုံးမယ်ဆိုတာကိုလည်းကောင်း၊ နိုင်ငံတော်က ကျင့်သုံးမယ့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ် စသည်တို့ကိုလည်းကောင်း ဖော်ပြပါရှိတဲ့ နိုင်ငံအတွင်းရှိ အခြားဥပဒေအားလုံးရဲ့ ကျောရိုးမဏ္ဍိုင်ဥပဒေဖြစ်တဲ့အတွက် အခြားဥပဒေအားလုံးဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လိုက်လျောညီထွေရှိဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ နိုင်ငံအချို့ဖွဲ့စည်းပုံအခြေခံဥပဒေများမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဥပဒေအားလုံးရဲ့ အခြေခံဥပဒေဖြစ်ကြောင်း ပြဋ္ဌာန်းထားကြတာကိုလည်း လေ့လာတွေ့ရှိရပါတယ်လို့ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ရှင်းလင်းပြောကြားသွားပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဥပဒေအားလုံးရဲ့ အခြေခံဥပဒေဖြစ်ကြောင်းကို စုစည်းချက်အပိုဒ် ၁တွင် လည်းကောင်း၊ စုစည်းချက်အပိုဒ် ၂ တွင် မြန်မာစာသည် ရုံးသုံးစာဖြစ်သည်ဟု လည်းကောင်း၊ မြန်မာစာဖြင့်ရေးသားထားချက်များအပေါ်တွင်သာ အခြေပြုရမှာဖြစ်ကြောင်းကို စုစည်းချက် အပိုဒ် ၃၊ ၄ နှင့် ၅ တွင် ရှင်းလင်းထားချက်များသည် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါတယ်။

စုစည်းချက်အပိုဒ် ၆တွင် "ဤဖွဲ့စည်းပုံအခြေခံဥပဒေ မြန်မာစာမူ တစ်ခုကို အမျိုးသားမော်ကွန်းတိုက်တွင် မော်ကွန်းတင်ထားရှိရမည်။ ထိုစာမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ် သက်သေအရာတည်စေရမည်"လို့ အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဤစုစည်းချက်အပိုဒ် ၆နှင့် စပ်လျဉ်းပြီး ကျွန်တော်တို့ ပါတီအနေနဲ့ ဖြည့်စွက်ဆွေးနွေး အကြံပြုလိုပါတယ်။

ကျွန်တော်တို့ အမိနိုင်ငံတော်ကြီးသည် ကျယ်ဝန်းလှသော တိုင်းဒေသကြီးများ၊ ပြည်နယ်များနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဖြင့် တည်ဆောက်ထားသော နိုင်ငံတော်ကြီးဖြစ်သလို များပြားလှတဲ့ တိုင်းရင်းသား လူမျိုးနွယ်စုများသည် ကျယ်ဝန်းလှတဲ့ တိုင်းဒေသကြီးများနဲ့ ပြည်နယ်များတွင် နေရာအနှံ့ ပြန့်ကျဲလျက် နေထိုင်ကြပါတယ်။ ဒီလိုနေရာအနှံ့တွင် နေထိုင်ကြသော တိုင်းရင်းသား လူမျိုးနွယ်စု အသီးသီး၌ အချို့သော ပုဂ္ဂိုလ်များသည် မြန်မာစကား ကျွမ်းကျင်မှု မရှိခြင်း၊ မြန်မာစာ ကျွမ်းကျင်မှုမရှိခြင်းစသော ပုဂ္ဂိုလ်အမြောက်အမြားရှိပါတယ်။ နိုင်ငံကျယ်ဝန်းတဲ့အလျောက် မော်ကွန်းတိုက်နဲ့လည်း ဝေးလံတဲ့နေရာဒေသများ ရှိပါတယ်။ မြန်မာစကား၊ မြန်မာစာ မကျွမ်းကျင်သော တိုင်းရင်းသားလူမျိုးနွယ်စုများ၊ နိုင်ငံတော်၏ အဓိကကျသော ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာသိရှိနားလည်၊ လိုက်နာနိုင်ရေးအတွက် ဦးတည်ချက်ထားပြီး သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးနွယ်စု အသီးသီး၏ စာပေဘာသာများဖြင့် ဘာသာပြန်ရေးသားထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ မြန်မာစာမူလိုအပ်မှာ ဖြစ်ပါတယ်။

တိုင်းရင်းသား လူမျိုးနွယ်စုအသီးသီး၏ စာပေဖြင့်ရေးသားထားသော ဘာသာပြန် ဖွဲ့စည်းပုံအခြေခံဥပဒေ တိုင်းရင်းသားများစာမူ မူကြမ်းမိတ္တူကို သက်ဆိုင်ရာတိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအသီးသီး၌ ထိန်းသိမ်းထားရှိနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက သင့်လျော်တဲ့ ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားရှိစေသင့်ပါကြောင်း ဖြည့်စွက်အကြံပြုအပ်ပါတယ်။

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်တော်များခင်ဗျား–**

နိုင်ငံတော်ရဲ့ အကျိုးစီးပွားအလို့ငှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့က ဖြစ်စေ၊ သမဝါယမအဖွဲ့အစည်း သို့မဟုတ် စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးတို့က ဖြစ်စေ၊ အစိုးရနဲ့ ဖက်စပ်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် သို့မဟုတ် စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့ လိုအပ်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၇တွင်လည်းကောင်း၊ စုစည်းချက်အပိုဒ် ၈ တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီကာလက ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အစိုးရနဲ့ အခြားနိုင်ငံအစိုးရတို့ ချုပ်ဆိုအတည်ဖြစ်ခဲ့သော စာချုပ်များအရသော် လည်းကောင်း၊ သဘောတူညီချက်များအရသော် လည်းကောင်း ပေါ်ထွက်လာသော တရားမျှတသည့်တာဝန်များကို အဆိုပါအခြားနိုင်ငံကလည်း ပြည်ထောင်စုမြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ထားရှိအပ်သော ပဋိညာဉ်များကို လေးစားပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကလည်း လေးစားသည်ဆိုတဲ့ အကြောင်းနဲ့ စပ်လျဉ်းပြီး ဥက္ကဋ္ဌကြီး၏ ရှင်းလင်းချက်များသည် အမြင်ကျယ်၍ ရှိအပ်သော အချက်များဖြစ်တဲ့အတွက် အသေးစိတ်အခြေခံရမယ့် မူအဖြစ် သတ်မှတ်ချမှတ်ရန် သင့်ကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီးနောက် ဖြစ်ပေါ်လာမယ့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေနဲ့လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့အမည်နဲ့တရားစွဲဆိုနိုင်တဲ့အခွင့်အရေးရရှိစေသင့်ပြီး တရားစွဲဆိုခြင်းကိုလည်း ခံနိုင်ရမယ့် အကြောင်းနဲ့စပ်လျဉ်းပြီး အပိုဒ် ၉ (က)နှင့်(ခ)တွင် လည်းကောင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းရေးနဲ့စပ်လျဉ်းပြီး စုစည်းချက် အပိုဒ် ၁၀ (က) (ခ) (ဂ) (ဃ) (င)နှင့် စုစည်းချက်အပိုဒ် ၁၁ တွင်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသက်တမ်းနဲ့စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၁၂၊ ၁၃၊ ၁၄နှင့် ၁၅တွင်လည်း ရှင်းလင်းချက်များသည် အသေးစိတ်အခြေခံရမယ့် မူအဖြစ် ချမှတ်ရန် သင့်လျော်ပါသည်။

**သဘာပတိကြီးနဲ့အမျိုးသားညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား–**

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းတင်ပြသွားတဲ့ အထွေထွေပြဋ္ဌာန်းချက်များအခန်းမှ စုစည်းချက်အပိုဒ် ၁၆မှ ၂၆ အထိ ကျွန်တော်တို့ ပါတီအနေနဲ့ အသေးစိတ် လေ့လာသုံးသပ်ကြည့်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်းလင်းတင်ပြချက်များသည် ပြည့်စုံ၍ ခေတ်နှင့်လျော်ညီဖြစ်တာကို လေ့လာတွေ့ရှိရသောကြောင့် စုစည်းချက်အပိုဒ် ၁၆ မှ ၂၆ အထိ ထပ်မံအကြံပြုရန် မရှိပါသဖြင့် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း ထောက်ခံအပ်ပါတယ်။

သို့ပါ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်း၊ အထွေထွေ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက်များအား ဖတ်ကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ။

*စာမျက်နှာ ၆ မှ*

သို့ပါ၍ နောင်ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းနဲ့ စပ်လျဉ်း၍လည်း အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကြီးရဲ့ ရှင်းလင်းစုစည်း တင်ပြထားတဲ့"အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)နှင့် (ဂ)တို့ဟာ ဆီလျော်မှုရှိပါသဖြင့် ဆွေးနွေးရန်မရှိ သင့်မြတ်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူများနဲ့ စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ ရှင်းလင်းပြောကြားခဲ့ပါတယ်။

အဲဒီလို ရှင်းလင်းပြောကြားရာမှာ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံတိုင်းမှာ နိုင်ငံတော်အလံ၊ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၊ နိုင်ငံတော် သီချင်းနဲ့ မြို့တော်ကို သတ်မှတ်လေ့ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြ ပြဋ္ဌာန်းကြတဲ့ နိုင်ငံများရှိကြသလို ဥပဒေပြုလွှတ်တော်များက သီးခြားဥပဒေ ပြဋ္ဌာန်းပြီး ဆောင်ရွက်ကြတဲ့ နိုင်ငံများလည်း ရှိကြောင်း။

နိုင်ငံတော်အလံကို မည်သို့မည်ပုံ သတ်မှတ်ရန်ကိစ္စကို အဓိကပြဋ္ဌာန်း လေ့ရှိကြကြောင်း၊ နိုင်ငံတော်အလံနဲ့စပ်လျဉ်းပြီး အသုံးပြုကြရာမှာ လိုက်နာရမယ့်အချက်တွေ၊ ရှောင်ကြဉ်ရမယ့်အချက်တွေ ဖောက်ဖျက်ကျူးလွန်က ချမှတ် ခံရမယ့် ပြစ်ဒဏ်အနည်းအများကို ဥပဒေပြုလွှတ်တော်များက သီးခြားဥပဒေ ပြဋ္ဌာန်းထားရှိမှုနဲ့ စပ်လျဉ်း၍ လည်းကောင်း။

နိုင်ငံတော်အလံကို သတ်မှတ်ကြရာမှာ သက်ဆိုင်ရာနိုင်ငံများအနေနဲ့ မိမိတို့နိုင်ငံများမှာ ဖြစ်ပေါ်ခဲ့တဲ့ သမိုင်းကြောင်းကို အဓိက အခြေခံထားရှိပြီး သတ်မှတ်လေ့ရှိကြောင်း၊ နိုင်ငံတော်အလံမှာ ဖော်ပြပါရှိတဲ့ အရောင်တွေကို အများအားဖြင့် အဖြူရောင်၊ အနီရောင်၊ အပြာရောင်၊ အစိမ်းရောင်၊ အဝါရောင်၊ လိမ္မော်ရောင် စသည့်အရောင်တွေအနက် မိမိတို့နိုင်ငံရဲ့သမိုင်းကြောင်းအရ လိုက်ဖက်ညီမယ့် အရောင်များကို သတ်မှတ်လေ့ရှိကြောင်း။

မြန်မာနိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁၅မှာ နိုင်ငံတော်အလံနဲ့ စပ်လျဉ်းတဲ့ နိုင်ငံတော်အလံ၏ အရွယ်အစား ပါရှိရမယ့် အရောင်စသည့် အသေးစိတ်အချက်အလက်များကို လည်းကောင်း။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှစ်ရပ်လုံး၌ အသုံးပြုထားတဲ့ အရောင်မှာ အနီရောင်၊ အဖြူရောင်နဲ့ အပြာရောင်များ ဖြစ်ကြောင်းနှင့် အနီရောင်ရဲ့ သဘောသဘာဝဟာ ရဲရင့်ခြင်း၊ ပြတ်သားခြင်း၊ အဖြူရောင်ကတော့ သန့်ရှင်းစင်ကြယ်ခြင်း၊ အပြာရောင်ကတော့ ငြိမ်းချမ်းသာယာခြင်းနဲ့ တည်ကြည်ခြင်း သဘောကိုဆောင်တယ်လို့ အစဉ်တစိုက် ယုံကြည်လက်ခံခဲ့ကြကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက်ရဟူ၍ အခြေခံရမည့်မူ ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ပြည်ထောင်စု မြန်မာ နိုင်ငံတော်တွင် ပြည်ထောင်စုသားအားလုံး ဥမကွဲသိုက်မပျက်၊ စည်းလုံးညီညွတ်စွာ နေထိုင်ကြသည့်အလျောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ကိုယ်စားပြုသည့် ကြယ်ဖြူပွင့်ကြီးကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက် နိုင်ငံတော်အလံပေါ်မှာ ဖော်ပြသင့်ကြောင်း။

စိုက်ပျိုးရေးကိုအခြေခံတဲ့ တိုင်းပြည်ဖြစ်ပြီး အေးချမ်းသာယာ၍ စိမ်းလန်း စိုပြည်သောနိုင်ငံအဖြစ် ဖော်ညွှန်းတဲ့အစိမ်းရောင်ကိုလည်း နိုင်ငံတော်အလံမှာ ဖော်ပြသင့်ကြောင်း၊ စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ပြန်လည်စုစည်းခြင်းနဲ့ တိုင်းရင်းသားများအားလုံး ချစ်ခင်ရင်းနှီးညီညွတ်စွာ စည်းစည်းလုံးလုံးရှိခြင်း တို့ကို အဓိပ္ပာယ်ဖော်ဆောင်တဲ့ အဝါရောင်ကိုလည်း ဖော်ပြသင့်ကြောင်း၊ အချို့နိုင်ငံများမှာ အဝါရောင်ကို မင်္ဂလာရှိသော တော်ဝင်အရောင်ဟု သတ်မှတ်ကြကြောင်း၊ ထို့အပြင် ရဲရင့်ခြင်း၊ ပြတ်သားခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်တဲ့ အနီရောင်ကိုလည်း ဖော်ပြသင့်ကြောင်းနှင့် နိုင်ငံတော်အလံမှာ ဖော်ပြသင့်တဲ့ အရောင်များဖြစ်တဲ့ အစိမ်းရောင်၊ အဝါရောင်နဲ့ အနီရောင်သုံးမျိုးဟာ မိမိတို့နိုင်ငံရဲ့ သဘာဝအခြေအနေနဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ဖော်ဆောင်တဲ့အတွက် အဲဒီအရောင်သုံးမျိုးကို နိုင်ငံတော်အလံမှာ အလျားလိုက် အချိုးညီမျှစွာ ဖော်ပြသင့်ကြောင်း၊ ထိပ်ဆုံးအစိမ်းရောင် လက်ဝဲဘက်တွင် ပြည်ထောင်စုကို ကိုယ်စားပြုတဲ့ ကြယ်ဖြူပွင့်ကြီးကို အထက်ဘက်သို့ မတ်မတ် ညွှန်လျက် ဖော်ပြသင့်ကြောင်းကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌကြီးရဲ့ နောင် ပေါ်ပေါက်လာမည့် နိုင်ငံတော်အလံနဲ့ စပ်လျဉ်းပြီး ရှင်းလင်းပြောကြားချက် များဟာ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်၏ ရေမြေ သဘာဝ အနေအထားတို့နှင့် ကိုက်ညီမှုရှိသည်ကို တွေ့ရှိရပါတယ်။

သို့ပါ၍ နိုင်ငံတော်အလံ၊ အထိမ်းအမှတ် တံဆိပ်၊ သီချင်းနှင့် မြို့တော် တို့အား ဆွေးနွေးရန်မရှိပါသဖြင့် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ် သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အခန်းတစ်ခန်း ပါဝင်မည့် ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူနဲ့ စပ်လျဉ်းပြီး ရှင်းလင်းပြောကြားခဲ့ပါတယ်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပြဋ္ဌာန်းတဲ့ အခါ အဲဒီလို မပြဋ္ဌာန်းမီကာလကတည်ရှိခဲ့တဲ့ တိုင်းပြည်ရဲ့အခြေအနေနဲ့ ပြဋ္ဌာန်း ပြီးနောက်တည်ရှိလာတဲ့ အခြေအနေတွေဟာ တစ်ခုနဲ့တစ်ခု မတူညီကြောင်း၊ အသွင်တစ်မျိုးမှ အခြားအသွင်တစ်မျိုးကို ကူးပြောင်းကြရတာဖြစ်ကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့ အဓိကမဏ္ဍိုင်များနဲ့ စီးပွားရေး၊ လူမှုရေး အဆောက်အအုံတို့လည်း ပြောင်းလဲသွားမှာဖြစ်ကြောင်း။

အကူးအပြောင်းကာလမှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာများဟာ စဉ်ဆက်မပြတ် တည်ရှိစေဖို့နဲ့ ထပ်မံဆောင်ရွက်ရမယ့် ပဋိညာဉ်၊ တာဝန်၊ ဝတ္တရားတွေဟာလည်း စဉ်ဆက်မပြတ် တည်ရှိနေစေဖို့ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းရန် လိုကြောင်းနှင့် ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ကူးပြောင်းရေး ကာလ ပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့မှာ ကူးပြောင်းရေး ကာလ ပြဋ္ဌာန်းချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါတယ်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးရဲ့ ရှင်းလင်းပြောကြားချက်များကို မိမိတို့ အနေဖြင့် လေ့လာသုံးသပ်ခဲ့ကြပါတယ်။

ဒါကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာတည်ခြင်းနဲ့ စပ်လျဉ်းပြီး လည်းကောင်း–

- **ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့်နေ့မှစပြီး ပြည်ထောင်စု လွှတ်တော်၏ ပထမအကြိမ်အစည်းအဝေး မကျင်းပမီ ကာလအတွင်း နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံးနိုင် ရေးနဲ့ စပ်လျဉ်း၍ လည်းကောင်း၊**
- **ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မတိုင်မီ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ဆောင်ရွက်ချက်များနဲ့ စပ်လျဉ်း၍ လည်းကောင်း၊**
- **နိုင်ငံတော်ရဲ့ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဆက်ခံရေးနဲ့ စပ်လျဉ်း၍လည်းကောင်း၊**
- **တည်ဆဲ ဥပဒေများနဲ့ စပ်လျဉ်း၍ လည်းကောင်း၊**
- **တည်ဆဲ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံး လုပ်နည်းများ ဆက်လက် အတည်ဖြစ်ရေးနဲ့ စပ်လျဉ်း၍ လည်းကောင်း၊**
- **ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးအဆင့်ဆင့်တွင်ရှိနေသော မှုခင်းများနဲ့ စပ်လျဉ်း၍ လည်း ကောင်း၊**
- **နိုင်ငံ့ဝန်ထမ်းများနဲ့ စပ်လျဉ်း၍ လည်းကောင်း**

လေ့လာတွေ့ရှိချက်များနဲ့ သုံးသပ်ချက်များအပေါ်အခြေပြုပြီး ကူးပြောင်းရေး ကာလပြဋ္ဌာန်းချက်များအခန်းနှင့် စပ်လျဉ်းလို့ အသေးစိတ်အခြေခံရမည့်မူများကို စုစည်း၍ အမှတ်စဉ်(၁)မှ (၈)ထိ တင်ပြထားတာ တွေ့ရှိရပါတယ်။ ဖော်ပြပါ စုစည်းတင်ပြချက်များကို ဆွေးနွေးရန်မရှိ သင့်တော်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

ဆက်လက်ပြီး "အထွေထွေပြဋ္ဌာန်းချက်များအခန်း"အတွက် ချမှတ်သင့် သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်များကို အကြံပြု ဆွေးနွေးတင်ပြလိုပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဟာ သက်ဆိုင်ရာ နိုင်ငံအနေနဲ့ ဖြတ်သန်းလာခဲ့ရတဲ့ သမိုင်းကြောင်းကို ရောင်ပြန်ဟပ်လျက်ရှိပြီး နိုင်ငံတော် ဖွဲ့စည်းတည်ရှိမှုကို သရုပ်ဖော်တဲ့ ပင်မဥပဒေဖြစ်ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်ဟာ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေး အာဏာများကို မည်သို့မည်ပုံ ခွဲဝေကျင့်သုံးမယ်ဆိုတာကိုလည်းကောင်း၊ နိုင်ငံတော်က ကျင့်သုံးမယ့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ် စသည်တို့ကို လည်းကောင်း ဖော်ပြပါရှိတဲ့ နိုင်ငံအတွင်းရှိ အခြားဥပဒေအားလုံးရဲ့ ကျောရိုးမဏ္ဍိုင် ဥပဒေဖြစ်တဲ့အတွက် အခြားဥပဒေအားလုံးဟာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ လိုက်လျောညီထွေ ရှိဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေများမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဥပဒေအားလုံးရဲ့ အခြေခံဥပဒေဖြစ်ကြောင်း ပြဋ္ဌာန်းထားရှိကြတာကို လေ့လာသိရှိရပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

- မြန်မာစာကို ရုံးသုံးစာအဖြစ် သတ်မှတ်ခြင်းနဲ့ စပ်လျဉ်း၍ လည်းကောင်း၊
- **ဖွဲ့စည်းပုံ အခြေခံဥပဒေမှာပါရှိတဲ့ စကားရပ်များကို အနက်အဓိပ္ပာယ် ဖွင့်ဆိုဖို့ အကြောင်းပေါ်ပေါက်လာရင်လည်း မြန်မာစာဖြင့် ရေးသား ချက်များအပေါ်တွင်သာ အခြေပြုရမှာဖြစ်ကြောင်း သုံးသပ်ရမှုကို လည်းကောင်း၊**
- ဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ် ဖွင့်ဆို ခြင်းနဲ့ စပ်လျဉ်း၍လည်းကောင်း၊
- မော်ကွန်းတင်ထားရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါရှိသည့် ပြဋ္ဌာန်း ချက်များအတွက် အပြီးသတ် သက်သေအရာမှာ တည်စေရမည်လို့ ဖော်ပြပါရှိတာကို လေ့လာတွေ့ရှိရမှုကိုလည်းကောင်း၊
- **နိုင်ငံတော် အခြေခံမူများ သတ်မှတ်ရေးအတွက် အခြေခံရမည့် မူတွေကို ချမှတ်စဉ်က စီးပွားရေးနဲ့ စပ်လျဉ်း၍ လည်းကောင်း၊**
- လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနဲ့ အခြားနိုင်ငံအစိုးရတို့ ချုပ်ဆိုအတည်ပြုခဲ့တဲ့ စာချုပ်များ၊ သဘောတူညီချက်များနဲ့ စပ်လျဉ်း၍ လည်းကောင်း၊
- ဤဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာမတည်မီက ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနဲ့ အခြားနိုင်ငံအစိုးရတို့ ချုပ်ဆိုအတည်ပြု ခဲ့တဲ့ စာချုပ်များ၊ သဘောတူညီချက်များရှိမှုနှင့် ပတ်သက်၍ လည်းကောင်း၊
- နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊
- ခုံရုံးဖွဲ့စည်းရေး၊ အဖွဲ့ဝင်များခန့်ထားရေး၊ အဖွဲ့ဝင်များ ရှိသင့်သည့် **အရည်အချင်း၊ ခုံရုံးရဲ့သက်တမ်း၊ အဖွဲ့ဝင်အဖြစ် တာဝန်ပေး ခန့်ထား ခြင်း၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိခြင်းနဲ့ ခုံရုံး၏ လုပ်ငန်း** တာဝန်များနဲ့ စပ်လျဉ်း၍ လည်းကောင်း

လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးရဲ့ ရှင်းလင်းပြောကြားချက်များကို မိမိတို့လေ့လာ သုံးသပ်ခဲ့ကြပါတယ်။ ယင်းသို့လေ့လာရာမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းအတွက် ချမှတ် သင့်သည့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် စုစည်းလျက် အမှတ်စဉ်(၁)မှ အမှတ်စဉ် (၂၆)အထိ ရှင်းလင်းတင်ပြထားတာ တွေ့ရှိရပါတယ်။ ချမှတ် သင့်သည့် အသေးစိတ် အခြေခံရမယ့်မူများအဖြစ် စုစည်းတင်ပြချက်များဟာ သင့်တော်ဆီလျော်မှုများရှိပါသဖြင့် ဆွေးနွေးရန်မရှိ ထောက်ခံအပ်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

ယနေ့ကျင်းပပြုလုပ်သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ မိမိတို့အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မည့်–

- **ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊**
- **နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊**
- **သီချင်းနှင့် မြို့တော်အခန်း၊**
- **ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်း၊**
- **အထွေထွေပြဋ္ဌာန်းချက်များ အခန်းများနဲ့**

စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်သည်များကို နိုင်ငံတော်၏ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားလျက် ဆွေးနွေးအကြံပြု တင်ပြပြီး ဖြစ်ပါတယ်။ နိဂုံးချုပ်အနေဖြင့် သဘာပတိကြီးနဲ့ သဘာပတိ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါ စေလို့ ဆုတောင်းမေတ္တာပို့သရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

# တိပိဋကဓရ သာသနာဝင် (သမိုင်းမှတ်တမ်း၊ သုတေသနကျမ်း)ထုတ်ဝေဖြန့်ချိ



**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်တက္ကသိုလ် အငြိမ်းစား ပါမောက္ခချုပ် တရားရုံးချုပ် တရား သူကြီး ဒေါက်တာတင်အောင်အေး ရေးသားပြုစုသည့် တိပိဋကဓရ သာသနာဝင် (သမိုင်းမှတ်တမ်း၊ သုတေသနကျမ်း) စာအုပ်ကို ယနေ့ ထုတ်ဝေဖြန့် ချိလိုက်သည်။

အဆိုပါစာအုပ်တွင် ပိဋကသုံးပုံ၊ နိကာကယ်ငါးရပ် ပါဠိစာပေ၏ နယ်ပယ်အခန်းကဏ္ဍ စည်ပင်ဖွံ့ဖြိုးတိုး တက်မှုသမိုင်းစဉ်၊မြန်မာနိုင်ငံ ပရိယတ္တိ သာသနာတော်ဆိုင်ရာ ခေတ်အလိုက် စာမေးပွဲများနှင့်စာအောင်အရှင်သူမြတ် များ၏ သာသနာ့သမိုင်းစဉ်၊ မြန်မာ နိုင်ငံ တိပိဋကဓရ ရွေးချယ်ပွဲကြီး ဖြစ်ပေါ်လာပုံ၊ စာမေးပွဲစည်းမျဉ်း၊ နှစ် အလိုက် အောင်စာရင်း၊စာအောင်မှတ် တမ်းသုတေသန ပုံစံထုတ်ဇယားများ၊ သာသနာ့အာဇာနည် အရှင်သူမြတ် များ၏ ထေရုပ္ပတ္တိ စသည်တို့ကို ကျမ်းကိုးစာရင်းများဖြင့် တစုတပေါင်း တည်း ရေးသားပြုစုထားသည်။

အဆိုပါ စာအုပ်ကို ပညာရေးဝန် ကြီးဌာန အမျိုးသားလူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးမှုဌာန၊စာအုပ်များ ပုံနှိပ် ထုတ်ဝေရေး ကော်မတီက တစ်အုပ် လျှင် ကျပ်ခြောက်ထောင်ဖြင့် ထုတ်ဝေ ဖြန့်ချိလိုက်သည်။

**(အပေါ်ပုံ)** **(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၂၃–၁၂–၂၀၀၆ ရက် (စနေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၁၀ ၆။ တေးဂီတအစီအစဉ်
- ၈:၂၀ ၇။ စလင်းရေလျှောင်တမံ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Grammar made Easy
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၃:၀၅ ၅။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
- ၁၃:၁၅ ၆။ **"စက်မှုဖွံ့ဖြိုး ဒို့တိုင်းပြည်အကျိုး"** ဖြိုးငွေစိုး၊ မိုးဒီ၊ စောနိုင် (ရှမ်းပြည်)၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး (ဒါရိုက်တာ–တင်အောင်ရွှေ–သုတေသီ)
- ၁၃:၃၅ ၇။ မြန်မာရေထွက်ပစ္စည်း ဈေးပွဲတော် (၂၀၀၆) အောင်မြင်မှု အပိုင်း(၁)
- ၁၃:၅၀ ၈။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၁၄:၁၀ ၉။ **"အန္တရာယ်ကင်းစေ ဘေးရှင်းစေ"** လူမင်း၊ ဟန်နီထွန်း (ဒါရိုက်တာ–သက်တင်)
- ၁၄:၂၀ ၁၀။ International News
- ၁၄:၃၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၅:၂၀ ၁။ **နိုင်ငံတကာ ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ တိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပွဲ) [မြန်မာ့လက်ရွေးစင်ဘောလုံး အသင်းနှင့် မြန်မာ (ယူ–၂၃) ဘောလုံးအသင်း]**
- ၁၇:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၇:၃၀ ၃။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၁၈:၀၀ ၄။ ညနေခင်းသတင်း
- ၁၈:၃၀ ၅။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၆။ အလှရှာမယ်လှကမ္ဘာဝယ်
- ၁၉:၀၅ ၇။ Discovery
- ၁၉:၁၅ ၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ကြယ်ကြွေရင်ခုန်သံ"** (အပိုင်း–၅)
- ၂၀:၀၀ ၉။ ပြည်တွင်းသတင်း
- ၁၀။ နိုင်ငံတကာသတင်းများ
- ၁၁။ မိုးလေဝသအခြေအနေ
- ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လှပသောနေ့ရက်များ"** (အပိုင်း–၉)
- ၁၃။ နောက်တစ်နေ့အစီအစဉ်
- ၁၄။ အစီအစဉ်ပြီး၏။

23-12 (07) 1 12/23/06, 2:20 AM




နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ပြင်ဦးလွင်ဆေးဝါးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

### ✡ ကျောဖုံးမှ

ထို့နောက်ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များအား ခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)သို့ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာရောက်စစ်ဆေးခဲ့မှုများ၊ လာရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်ခဲ့မှုများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ချက်များနှင့် မြန်မာ့ဆေးဖက်ဝင်အပင်များ စာအုပ် ပြုစုပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းက ဦးစီးဌာန၏ ဝန်ထမ်းအင်အား၊ ဝန်ထမ်းများအား ပြည်တွင်း၊ပြည်ပသင်တန်းများသို့ပို့လွှတ်မှုများ၊ တိုင်းရင်းဆေးပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်း၍ တိုင်းရင်းဆေးသုတေသနလုပ်ငန်း ဆောင်ရွက်ချက်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသော သုတေသနလုပ်ငန်းများနှင့် ရှေ့ဆက်လက် အကောင်အထည်ဖော်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက မြန်မာ့ဆေးဖက်ဝင် ပရဆေးပင်များ ဆက်လက်စုဆောင်းရေး၊ သုတေသနပြုလုပ်ရေးတို့နှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးမှာကြားပြီး ပရဆေးစိုက်ခင်းရှိ သွေးတိုးနှင့် ငှက်ဖျားရောဂါကု ပရဆေးပင်များ၊ အပင်ပုမျိုး ပရဆေးပင်များ၊ နှစ်ရှည်ပင်မျိုး ပရဆေးပင်များ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပရဆေးဥယျာဉ်အဖြစ် ပြုစု စိုက်ပျိုးထားသည့် မြန်မာ့ဆေးဖက်ဝင်အပင်များကို ကြည့်ရှုစစ်ဆေးကြသည်။

**လမ်းညွှန်ချက်**

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ပြင်ဦးလွင် ဆေးဝါးစက်ရုံ(စီမံကိန်း)သို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဤစီမံကိန်းသို့ လာရောက် ကြည့်ရှုစစ်ဆေးစဉ် စီမံကိန်းလုပ်ငန်းများကို ၂၀၀၆ခုနှစ် ဒီဇင်ဘာလတွင် အားလုံးပြီးစီးအောင် ဆောင်ရွက်ရန်၊ ဆေးဝါးများကို ဆေးညွှန်းများနှင့်အညီ တိကျစွာထုတ်လုပ်ရန်၊ ဆေးဝါးများ၏ အရည်အသွေးအဆင့်အတန်းမြင့်မားအောင် အလေးထားဂရုပြုရန်ဖြစ်သကဲ့သို့ ကုန်ထုတ်လုပ်မှုကုန်ကျစရိတ်ကို လျော့ကျအောင်ဆောင်ရွက်ရန်၊ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)နှင့် ပူးပေါင်း၍ အစွမ်းထက်မြက်သော မြန်မာ့တိုင်းရင်းဆေးဝါးများကို အဆင့်အတန်းရှိရှိ ထုတ်လုပ်ရန်စသည့် လမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဆေးဝါးလုပ်ငန်းစက်ရုံ အပြည့်အဝ လည်ပတ်နိုင်မည့် အချိန်ကာလ၊ ဆေးဝါးကုန်ကြမ်းရရှိမှု အခြေအနေ၊ စက်ရုံ၏ ဖြစ်ပေါ်လာမည့် ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးတို့ကို မေးမြန်း၍ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ဆေးပြား၊ ဆေးတောင့်ထုတ်လုပ်သည့်ဌာန၊ သောက်ဆေးထုတ်လုပ်သည့်ဌာန၊ ဆေးမှုန့်နှင့် လိမ်းဆေးထုတ်လုပ်သည့်ဌာန၊ ဆေးရည်ဌာန၊ မျက်စဉ်းထုတ်လုပ်ရေးဌာနတို့ရှိ ခေတ်မီဆေးဝါးထုတ်စက်များနှင့် ဆေးဝါးထုတ်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**စတင်ထုတ်လုပ်**

ပြင်ဦးလွင်ဆေးဝါးလုပ်ငန်းစက်ရုံ အနေဖြင့် ယခုအခါဆေးပြား၊ ဆေးတောင့်၊ လိမ်းဆေး၊ ဆေးရည်၊ ဆေးမှုန့်များ စတင်ထုတ်လုပ်နေပြီဖြစ်သည်။

စီမံကိန်းပြီးစီးသွားပါက ဆေးပြား၊ ဆေးတောင့်၊ လိမ်းဆေး၊ ဆေးရည်၊ ဆေးမှုန့်၊ ထိုးဆေးနှင့် သွေးကြောသွင်းဆေးရည် စုစုပေါင်း၂၁၃မျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူးသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

## နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပို့

**နေပြည်တော် ဒီဇင်ဘာ ၂၃**

၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဂျပန်နိုင်ငံ ဘုရင်မင်းမြတ် အကီဟီတို၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာတာရိုအစိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ကိုးဘွဲ့ရ ဆရာတော် ဇန်နဝါရီလဓမ္မသဘင်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိက ဆရာတော် အရှင်အာစာရလင်္ကာရ အရှင်မြတ်သည် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁ ရက် ညနေ ၄ နာရီတွင် သာကေတမြို့နယ် မာန်ပြေ(၃)ရပ်ကွက် မာရဝိဇယဓမ္မာရုံကလေးအထူးတရားပွဲ၊ ည၇နာရီတွင် ဗိုလ်တထောင်ဘုရား ရင်ပြင်ရောင်တော်ဖွင့် အသင်းအထူးပွဲ၊ ၂ရက် ညနေဆည်းဆာတွင် တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် ဆွမ်းလောင်းအောင်ပွဲ၊ ည ၈နာရီတွင် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် သရေခေတ္တရာလမ်း အမေနေ့ပွဲ၊ ၃ရက် ညနေဆည်းဆာတွင် ဒေါပုံမြို့နယ် ယမုံနာ(၁)ရပ်ကွက် ဆွမ်းလောင်းအောင်ပွဲ၊ ည၈နာရီတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) (၁၀၅)ရပ်ကွက် ကံ့ကော်မြိုင်လမ်း မလွန်ဆန်လှူပွဲ၊ ၄ ရက် ညနေဆည်းဆာတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ၉၂လမ်း အထူးပွဲ၊ ည ၈နာရီတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) (၁၀၅)ရပ်ကွက် ကံ့ကော်မြိုင်လမ်း မလွန်ပွဲ၊ ၅ ရက် ညနေဆည်းဆာတွင် မြောက်ဥက္ကလာပမြို့နယ်(က)ရပ်ကွက် ကလျာဏယုဝလူငယ်အသင်းပွဲ၊ ည ၈နာရီတွင် မြောက်ဥက္ကလာပမြို့နယ် စံပယ်၂လမ်း ၅ရပ်ကွက် ခြောက်ကွေ့အနီး ဇမ္ဗူသီရိလူငယ်အဖွဲ့ပွဲ၊ ၆ရက် ညနေ၄နာရီတွင် သာကေတမြို့နယ် ကလေးတရားပွဲ၊ ညနေဆည်းဆာတွင် သဃ်န်းကျွန်းမြို့နယ် ပင်လုံရိပ်မွန် အိမ်ရာပွဲ၊ ည ၈နာရီတွင် ဒေါပုံမြို့နယ် ဝါဆိုပရိယတ္တိစာသင်တိုက်အထူးပွဲ၊ ၇ ရက် ညနေဆည်းဆာတွင် ကမာရွတ် ဆင်ရေတွင်းအထူးပွဲ၊ ည၈နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်း ဘုရားငါးဆူပူဇော်ပွဲ၊ ၈ရက်တွင် သာယာဝတီ သုံးဆယ်မြို့ မဟာထူပါရုံ စာသင်တိုက်၊ ဦးသန်းထွန်း၊ ဒေါ်စန်းမြင့် အထူးတရားပွဲ၊ ၉ရက် ညနေဆည်းဆာတွင် သာကေတမြို့နယ် ရန်ပြေ(၃)ရပ်ကွက် ဓမ္မာရုံပွဲ၊ ည၈နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ၈၇လမ်း အထူးပွဲ၊ ၁၀ရက်နှင့်၁၁ရက်တို့တွင် မော်လမြိုင်မြို့ အားကစားကွင်းအတွင်း ဦးစိုးလှိုင် မိသားစု ထေရဝါဒအထူးတရားပွဲတို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး တရားပွဲ ရက်ရရှိပြီးသူများသည် ဆရာတော် ဖုန်း-၀၉-၂၁-၃၀၈၉၅ နှင့် ၀၁-၇၀၈၄၀၃ တို့သို့ ကြိုတင်ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

## ဓမ္မဒူတတောရရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတတောရရိပ်သာ၌ နာယက ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရသည် ၂၀၀၇ခုနှစ် ဇန်နဝါရီ၁ရက်မှ ၇ရက်အထိ ဓမ္မာနုပဿနာသတိပဋ္ဌာန်ဝိပဿနာ အလုပ်ပေးတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ ရိပ်သာဝင်လိုသော ယောဂီများသည် ဒီဇင်ဘာ၃၁ရက် ညနေ လာရောက်ကြရန်နှင့်ရိပ်သာ ဖုန်း-၀၉-၅၃၀၂၀၉၂၊ ၀၉-၅၁၀၄၆၆၉၊ ကိုကျော်နိုင်(ပဲခူး) ဖုန်း-၀၉-၅၃၀၁၅၃၇၊ ကိုကျော်ဆန်း (ရန်ကုန်) ဖုန်း-၀၉-၅၀၁၇၂၉၄ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## သစ်သီးဝလံတန်ဖိုးမြှင့်အသုံးချနည်းပညာ အခြေခံသင်တန်းဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့ပူးပေါင်းစီစဉ်မှုဖြင့် သစ်သီးဝလံတန်ဖိုးမြှင့်အသုံးချနည်းပညာအခြေခံသင်တန်းအမှတ်စဉ်(၁)ကို ၂၀၀၇ခုနှစ် ဇန်နဝါရီ၈ရက်မှ၁၄ရက်အထိ ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ရိတ်သိမ်းချိန်လွန်နည်းပညာအသုံးချဌာန သင်တန်းကျောင်း၌ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

**ပို့ချပေးမည်**

ယင်းသို့ဖွင့်လှစ်ရာတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီး အသက် ၂၅နှစ်မှ ၅၅နှစ်ကြားရှိသူ သင်တန်းသား၇၀တို့အား လက်ခံပို့ချပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် မြန်မာနိုင်ငံ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အမှတ်၂၆၂/၂၆၄ ပြည်လမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဒဂုံစင်တာ Block (A), 6th Floor ဖုန်း-၅၀၃၅၁၅၊ ၅၀၃၅၁၆မှ ၅၀၃၅၁၉အထိ လိုင်းခွဲ ၁၁၃မှ လျှောက်လွှာထုတ်ယူနိုင်ပြီး ၂၀၀၇ခုနှစ် ဇန်နဝါရီ၁ရက် နောက်ဆုံးထား၍ ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## Super Power အင်ဂျင်ဝိုင်နှင့် စက်ဆီ၊ချောဆီများ ရောင်းချမည့် အရောင်းဆိုင်ခွဲ(မန္တလေး) ဖွင့်ပွဲအထိမ်းအမှတ် ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

Myanmar New Stars Industry Co., Ltd. မှ ဖြန့်ချိလျက်ရှိသော Super Power အင်ဂျင်ဝိုင်နှင့် စက်ဆီ၊ ချောဆီများကို အထက်မြန်မာပြည်ဈေးကွက်အတွင်း လွယ်ကူစွာဝယ်ယူသုံးစွဲနိုင်ရေးအတွက် အထက်မြန်မာပြည်အရောင်းဆိုင်ခွဲကို မန္တလေးမြို့၌ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ခြင်း အထိမ်းအမှတ်ညစာစားပွဲကို ဒီဇင်ဘာ၁၉ရက် ညနေ၆နာရီက မန္တလေးမြို့ ဈေးချိုဟိုတယ်၌ ကျင်းပသည်။




**အမှာစကားပြောကြား**

အခမ်းအနားတွင် Myanmar New Stars Industry Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးသက်နိုင်က နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ထို့နောက် အရောင်းကိုယ်စားလှယ်ကြီးများအား အထူးဈေးနှုန်း ၁၀ ရာခိုင်နှုန်း လျှော့ဈေးဖြင့် ကုန်မှာယူမှုများကို လက်ခံ ဆောင်ရွက်ပေးပြီး ရန်ကုန်မြို့မှ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြသည်။

Super Power အင်ဂျင်ဝိုင်နှင့် စက်ဆီ၊ချောဆီများကို ယူအေအီးနိုင်ငံမှထုတ်လုပ်ပြီး နိုင်ငံတကာပညာရှင်များက သုတေသနပြု ထုတ်လုပ်ထားသဖြင့် ကမ္ဘာ့နိုင်ငံ အများစုတွင် ကြိုက်နှစ်သက်ကာ ဈေးကွက်ဝင်လျက်ရှိသည်။

Super Power အင်ဂျင်ဝိုင်များကို ရန်ကုန်မြို့၌ အဆောင်က/၁၉ အခန်း၉ ဘုရင့်နောင်ဈေး မရမ်းကုန်းမြို့နယ်နှင့် မန္တလေးမြို့၌ အမှတ် ၃၂၈/ခ ၈၂လမ်း၊ ၂၈လမ်းနှင့် ၂၉လမ်းကြား ချမ်းအေးသာစံအလယ်ရပ်ကွက် ချမ်းအေးသာစံမြို့နယ်တို့တွင် ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဟားခါးနှင့်လားရှိုးမြို့များ အအေးကဲ

(၂၂-၁၂-၂၀၀၆)

| | | | |
|---|---|---|---|
| နေပြည်တော် | - | ၁၅ | ဒီဂရီစင်တီဂရိတ် |
| ဟားခါး | - | ၃ | ။ |
| လားရှိုး | - | ၄ | ။ |
| တောင်ကြီး | - | ၅ | ။ |
| လွိုင်ကော် | - | ၅ | ။ |
| ပူတာအို | - | ၉ | ။ |
| ပြင်ဦးလွင် | - | ၇ | ။ |
| မန္တလေး | - | ၁၂ | ။ |
| သထုံ | - | ၁၃ | ။ |
| ဘားအံ | - | ၁၄ | ။ |
| ရန်ကုန်(ကမ္ဘာအေး) | - | ၁၅ | ။ |
| ထားဝယ် | - | ၁၅ | ။ |

(မြန်မာ့အလင်း)

● ရှေ့ဖုံးမှ

အဆိုပါ ကျောင်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ၎င်းတို့၏ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြင်ဦးလွင်တပ်နယ်မှူးနှင့် ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နည်းပညာ တက္ကသိုလ်ပါမောက္ခချုပ်၊ စာပေညွှန်ကြားရေးမှူး၊ နည်းပြအရာရှိချုပ်နှင့် ဗိုလ်လောင်းတပ်ရင်း တပ်ရင်းမှူးများ၊ ပါမောက္ခ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

## သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ အငြိမ်းစားယူသွားခဲ့ကြသော အသက် ၇၅ နှစ်နှင့် အထက် သက်ကြီး ဝန်ထမ်းဟောင်းများအားသတ္တမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ဓိဝိတဒါန သံဃာ့ဆေးရုံကြီး (၃၈ ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ်)အလှူတော်မင်္ဂလာခန်းမ၌ ဒီဇင်ဘာ ၃၀ရက် (စနေနေ့) နံနက် ၁၀နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ တက်ရောက် ပူဇော်နိုင်ကြရန်နှင့် လှူဖွယ်ပစ္စည်းများ၊ အလှူငွေများ ပါဝင်လှူဒါန်းနိုင်ရန် ကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီက နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

## (၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရေဆိုးသန့်စင်စက်ရုံ တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဒီဇင်ဘာ ၂၂

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်း၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန ရေနှင့်သန့်ရှင်းမှုက တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့် ရေဆိုးသန့်စင်စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးကြပြီး တာဝန်ရှိသူများနှင့်အတူ စက်ရုံဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးကြသည်။**

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် ကော်မတီဝင်များ၊ အင်ဂျင်နီယာဌာန ရေနှင့်သန့်ရှင်းမှုဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်းနှင့် ဌာနမှူးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စက်ရုံမှူးနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မင်္ဂလာအချိန်ကျရောက်သည်နှင့် ရေဆိုးသန့်စင်စက်ရုံကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေဆိုးသန့်စင်စက်ရုံဆိုင်းဘုတ်ကို အဝေးထိန်းစက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဧည့်သည်များသည် ရေဆိုးသန့်စင်စက်ရုံဝင်းအတွင်း၌ စက်များလည်ပတ်နေမှု၊ အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ရေဆိုးသန့်စင်စက်ရုံဝင်းအတွင်းရှိ ရှင်းလင်းဆောင်တွင် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် ဧည့်သည်များအား ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ အင်ဂျင်နီယာဌာန ရေနှင့်သန့်ရှင်းမှုဌာနမှူးဒေါက်တာ ထွန်းသန်းထွန်းက ရေဆိုးသန့်စင် စက်ရုံတည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှု နည်းစနစ်များကို ရှင်းလင်းတင်ပြပြီး ရန်ကုန်မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရေဆိုးသန့်စင်စက်ရုံ ဖွင့်ပွဲ အထိမ်းအမှတ် ဂါရဝပြုလက်ဆောင်များကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းတို့အား ပေးအပ်၍ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### စတင်ဆောင်ရွက်

ရန်ကုန်မြို့တော်တွင် မိလ္လာစွန့်ပစ်စနစ်ကို ယခင်က မိရိုးဖလာနည်းဖြင့် စွန့်ပစ်နေခဲ့ရာမှ ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်သည့်အတွက် ၁၈၈၇ ခုနှစ်တွင် မိလ္လာပြွန်စနစ်ကို စတင်တည်ဆောက်ခဲ့ပြီး ၁၈၈၈ခုနှစ်တွင် မိလ္လာစက်အိုးပေါင်း အလုံး ၄၀ ဖြင့် တွန်းပို့ကာ ရန်ကုန်မြစ်အတွင်းသို့ တိုက်ရိုက် စွန့်ပစ်သည့်စနစ်ကို စတင်ဆောင်ရွက်ခဲ့သည်။





**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တာဝန်ရှိသူများ ရေဆိုးသန့်စင်စက်ရုံကို ကြည့်ရှုစစ်ဆေးကြစဉ်။**

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ၂၀၀၃ခုနှစ် ဇန်နဝါရီလရက်တွင် လုပ်ငန်းကော်မတီဖွဲ့စည်းကာ ရန်ကုန်မြစ်အတွင်းသို့ တိုက်ရိုက်စွန့်ပစ်သည့်စနစ်အစား သန့်စင်ပြီး ရေကြည်စွန့်ပစ်သည့်စနစ် (Activated Sludge Process System)ကို အသုံးပြု၍ သန့်စင်မှုပြုလုပ်သည့် ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေး စီမံကိန်းကို ၂၀၀၃ခုနှစ် ဧပြီ ၂ရက်မှစတင် တည်ဆောက် အကောင်အထည်ဖော်ပြီး ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် တည်ဆောက်မှုလုပ်ငန်းများ ပြီးစီး၍ စက်ရုံကို စမ်းသပ်လည်ပတ်ခဲ့သည်။

နိုင်ငံတကာတွင် အများအားဖြင့် အသုံးပြုလေ့ရှိကြသည့် ရေဆိုးသန့်စင်စက်ရုံများတွင် အဆင့်မီနည်းစနစ်လေးမျိုးရှိသည့်အနက် ဓာတုပစ္စည်းသုံးစွဲမှုနည်းပါးခြင်း၊ ရာသီဥတုအခြေအနေအရ ပိုးမွေးရ လွယ်ကူခြင်း၊ ကုန်ကျစရိတ် နည်းပါးခြင်းတို့ကြောင့် (Activated Sludge Process) နည်းစနစ်ကို အသုံးပြုပြီး မြန်မာနိုင်ငံတွင် ပထမဆုံးတည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။

### ကာကွယ်နိုင်

ဤစက်ရုံကို ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်မှ မိလ္လာစွန့်ပစ်စနစ်သာမက ကိုယ်ပိုင်သုံး မိလ္လာကန်များမှ အညစ်အကြေးများကို လာရောက်စွန့်ထုတ်နိုင်ရန် နေ့စဉ် ရေဆိုးဂါလန်သုံးသန်းခန့် သန့်စင်ပေးနိုင်သည့် စက်ရုံဖြစ်ပြီး ကုန်ကျငွေ အမေရိကန်ဒေါ်လာ ဝဒသမ၉၆သန်းနှင့် မြန်မာငွေကျပ်၂၀၆၅ဒသမ၇သန်း ကုန်ကျခံပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအောက်ရှိ မြန်မာအင်ဂျင်နီယာများ၊ ပြင်ပအကြံပေးပညာရှင်များ ပူးပေါင်းကာ တည်ဆောက်ခဲ့သည့် စီမံကိန်း လုပ်ငန်းဖြစ်၍ BOD (Bio-chemical Oxygen Demand) ပါဝင်မှုကို ၉၄ရာခိုင်နှုန်း လျော့ချပေးနိုင်ကာ Suspended Solid ပါဝင်မှု ၉၈ရာခိုင်နှုန်း လျော့ချနိုင်ကာ ရန်ကုန်မြစ်တွင်းမှရေထုညစ်ညမ်းမှုကို တစ်စိတ်တစ်ပိုင်း ကာကွယ်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျောက်ဆည်မြို့ ဘဲလင်းဓာတ်အားခွဲရုံစီမံကိန်း ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၂

**အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် ကျောက်ဆည်မြို့ ၂၃၀ ကေဗွီ ဘဲလင်းဓာတ်အားခွဲရုံစီမံကိန်းသို့ ရောက်ရှိစစ်ဆေးရာ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးအား ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(မြောက်ပိုင်း) ညွှန်ကြားရေးမှူး ဦးတင်ရွှေက ၂၃၀ ကေဗွီ ဘဲလင်းဓာတ်အားခွဲရုံ၏ ဓာတ်အားထိန်းချုပ်ခန်း တည်ဆောက်မှုအခြေအနေနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပြီးစီးမှုအခြေအနေတို့ကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။**

### အရှိန်အဟုန်မြှင့်

ယင်းနောက် ဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် ပြည်သူအများစု၏ လူနေမှုအဆင့်အတန်းကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်စေလိုကြောင်းမှာကြားပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း ဓာတ်အားထိန်းချုပ်အဆောက်အအုံ ဆောက်လုပ်ထားမှုနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

## ကျိုက်ထိုမြို့နယ်အသင်း (ရန်ကုန်) ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်) အကြိုညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၀ရက်က ကျောက်တံတားမြို့နယ် လမ်း၄၀ အမှတ်၂၁၂တွင် ကျင်းပရာ အစည်းအဝေး၏ညှိနှိုင်းဆုံးဖြတ်ချက်အရ အသင်းသားဂီတစာဆိုတင်အောင်လင်း ရေးသားသီကုံးပြီး တေးသံရှင်ဇော်ဝမ်း၊ သန်းမြတ်စိုး၊ တင်အောင်လင်း၊ မေရွက်ဝါနှင့် မို့မို့ဇော်ဝင်းတို့သီဆိုထားသည့် သင်္ကြန်တေးသီချင်းအသစ်များအား အသင်းရန်ပုံငွေအတွက် သင့်လျော်သောဈေးနှုန်းဖြင့် အသင်းသူ၊ အသင်းသားများအား ဖြန့်ချိမည်ဖြစ်သည်။ အသင်းဝင်များ၊ မြို့နယ်သူ၊ မြို့နယ်သားများ အဆိုပါ တေးစီးရီး၊ တိပ်၊ စီဒီ၊ ဗွီစီဒီများကို ရန်ကုန်မြို့တွင် အသင်းဥက္ကဋ္ဌ ဒေါ်မျိုးမြင့်အေး ဖုန်း-၂၉၁၅၇၃၊ ဒုတိယဥက္ကဋ္ဌ ဒေါ်တင်မြင့် ဖုန်း-၂၉၁၂၆၄၊ အတွင်းရေးမှူးဦးစံမြင့် ဖုန်း-၆၆၃၆၂၇၊ ဘဏ္ဍာရေးမှူး ဒေါ်နွဲ့ရီ ဖုန်း-၀၉-၉၉-၂၄၅၇၀၊ ဦးအောင်နိုင် ဖုန်း-၀၉-၅၁-၃၉၈၀၄နှင့်ကျိုက်ထိုမြို့၊ ဦးသိန်းနိုင် (ယုန်နီသဃ်န်းတိုက်)၊ ဦးသိန်းနိုင်(ရိုးရိုးလေး ယာဉ်လိုင်းပိုင်ရှင်)၊ ဦးစိုးဝင်း (မိုးမိုးကတွတ်ယိုလုပ်ငန်း) ၊ဦးထွန်းမြင့်(ရသာမွှန်ထမင်းဆိုင် တောင်ပေါ်)တို့ထံတွင် ဝယ်ယူအားပေးကြပါရန် အလုပ်အမှုဆောင်အဖွဲ့က တိုက်တွန်းနှိုးဆော်ထားသည်။ (က-ပ)

## သီတဂူကြယ်တစ်ပွင့် ဓမ္မသဘင်

ရန်ကုန် ဒီဇင်ဘာ ၂၂

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်တံခွန်တိုင် တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက် ပဓာန နာယက သာသနဓဇ ဓမ္မာစရိယ သဒ္ဓမ္မဇောတိက ဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူ ကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁ ရက် ညတွင် ၈/၁၄ ထွန်းတုံးရပ် မန္တလေး၊ ၂ ရက်ညတွင် အမေနေ့ ပုလဲမြို့ ၃ရပ်ကွက် (ဆည်းဆာ) ရွှေစည်းခုံ ရပ် မုံရွာ၊ ၎င်းညတွင် ညောင်ပင်စောက်ရပ် မုံရွာ၊ ၄ ရက်ညတွင် သံရွာ ကျောက်ဆည်၊ ၅ ရက် (ဆည်းဆာ) ညတွင် အမှတ် ၂ ရပ် အာသာဝတီလမ်း မ/ဥက္ကလာ ရန်ကုန်၊ ၎င်းညတွင် ၁၀၅ ရပ် တောင်ဒဂုံ ရန်ကုန်၊ ၆ ရက် ညတွင် ၁၀၅ ရပ် တောင်ဒဂုံ ရန်ကုန်၊ ၇ ရက် ညတွင် သုံးဆယ်မြို့၊ ၈ ရက် ညတွင် (လ)ရပ် ရွှေပြည်သာ ရန်ကုန်၊ ၉ ရက်ညတွင် (ဆည်းဆာ)တွင် ပန်းပင်ကြီးလမ်း ကြည့်မြင်တိုင် ရန်ကုန်၊ ၎င်းညတွင် ကံမြင့်ကျောင်း စမ်းချောင်း ရန်ကုန်၊ ၁၀၊ ၁၁ရက် ညများတွင် သာသနာ့ဗိမာန် ပြည်မြို့၊ ၁၂ရက် ညတွင် သန်လျင်မြို့၊ ၁၃ရက် ညတွင် လယ်တီ စံကျောင်း ပုဇွန်တောင် ရန်ကုန်၊ ၁၄၊ ၁၅ရက် ညများတွင် ဓမ္မာဇေဓမ္မသဘင် မော်လမြိုင်မြို့၊ ၁၆ရက် (ဆည်းဆာ)တွင် ၈ လမ်း ဘုရင့်နောင် ရန်ကုန်၊ ၎င်းညတွင် ၂/ခရပ် မင်္ဂလာဒုံ ရန်ကုန်၊ ၁၇ ရက် (ဆည်းဆာ)တွင် ပုလဲလမ်း ကျိုက္ကစံရပ် ဗဟန်း ရန်ကုန် ၎င်းညတွင် ၈ လမ်း ဘုရင့်နောင် ရန်ကုန်၊ ၁၈ရက် (ဆည်းဆာ)တွင် ဦးဖိုးထူးလမ်း ကြည့်မြင်တိုင်၊ ၎င်းညတွင် ၃ရပ် လှည်းတန်း ကမာရွတ် ရန်ကုန် ဓမ္မသဘင်များ၌ တရားတော်များ ဟောကြားမည်ဟု သိရသည်။ (က-ပ)

## ဒီဇင်ဘာအားကစား တာဝေးအပြေးပြိုင်

ရန်ကုန် ဒီဇင်ဘာ ၂၂

အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ၂၀၀၆ ခုနှစ် ဒီဇင်ဘာတတိယပတ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းတာဝေးပြိုင်ပွဲကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၆ နာရီက ကျင်းပရာ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စက်ရုံ အလုပ်ရုံမှ ကာယဉာဏလုပ်သားများ၊ ကျောင်းသူ ကျောင်းသားများ၊ ပြည်သူများ စုပေါင်း၍ တာဝေးပြိုင်ပွဲကို တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြသည်။

(မြို့နယ်အား/ကာ)

# အိုင်တီနည်းပညာကမ္ဘာ၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်ပြသမည့် အိုင်စီတီဈေးပွဲတော်( ၂၀၀၆ )စည်ကားသိုက်မြိုက်စွာ ကျင်းပ

တွေ့ဆုံမေးမြန်းသူ – မြင့်မောင်ခိုး၊ ဓာတ်ပုံ – တင်ခိုး (မြန်မာ့အလင်း)



Lucky Bird ကွန်ပျူတာအရောင်း ပြခန်းတွင် ပြသထားသော Pocket PC ကွန်ပျူတာလေးဖြစ်သည်။ ယင်း ကွန်ပျူတာသည် Styluspackဟု ခေါ်သည့် ရေးသားနိုင်သောအတံဖြင့် မြန်မာလို ကွန်ပျူတာစကရင်တွင် ရေးသားနိုင်ပြီး အချက်အလက်များကိုလည်း သိမ်းဆည်းထားနိုင်သည်။ ၎င်းကွန်ပျူတာတွင် မှတ်တမ်းရေးသားထားသော အချက်အလက်များကို ပရင်တာနှင့် ချိတ်ဆက်လျက်လိုအပ်သော အချက်အလက်များကိုလည်း ထုတ်ယူနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

**ရန်ကုန် ဒီဇင်ဘာ ၂၂**

အီလက်ထရွန်နစ် နည်းပညာများ တိုးတက်ပြောင်းလဲလာမှုနှင့်အတူ ကွန်ပျူတာနည်းပညာများ အံ့သြဖွယ်ကောင်းအောင် တိုးတက်လျက်ရှိသည်။

**သုံးစွဲမှုများပြား**

ရုံးများ၊ ကုမ္ပဏီများ၊ ကျောင်းများတွင် ကွန်ပျူတာအသုံးချလုပ်ငန်းများ၊ စာသင်ခန်းများ တစ်နှစ်ထက်တစ်နှစ် ပို၍ သုံးစွဲမှုများပြားလာသည်။

တိုးတက် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ကွန်ပျူတာများ၏ အခန်းကဏ္ဍသည် နည်းပညာ၏ရှေ့ဆောင်လမ်းပြဖြစ်လာသည်။

**လေ့လာစရာ**

ထိုသို့ ပြောင်းလဲလာသော ကွန်ပျူတာနည်းပညာများ တိုးတက်ပြောင်းလဲလာခြင်းကို ယနေ့လူငယ်လူရွယ်များ၊ ကွန်ပျူတာနည်းပညာ လေ့လာနေသူများအတွက် လေ့လာစရာ၊ မှတ်သားစရာ၊ သင်ယူစရာများ ပို၍များပြားလာသည်။

ယင်းကွန်ပျူတာ နည်းပညာများ တစ်နေရာတည်းတွင် လေ့လာနိုင်ရန်အတွက် အိုင်စီတီဈေးပွဲတော်(၂၀၀၆)ကို မြန်မာအင်ဖိုတက် (Myanmar Info-Tech) လှိုင်တက္ကသိုလ်နယ်မြေတွင် ဒီဇင်ဘာ၂၃ရက်**(ယနေ့)**မှ ၂၅ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

**ပညာရေးအထောက်အကူပြု**

အဆိုပါ အိုင်စီတီဈေးပွဲတော်(၂၀၀၆)နှင့်အတူ တတိယအကြိမ်မြောက် ပညာရေးအထောက်အကူပြု ပရော့ဂျက်ပြိုင်ပွဲကိုလည်း ဒီဇင်ဘာ ၂၄ရက်တွင် ကျင်းပမည်ဖြစ်သည်။

ယင်းအိုင်စီတီ ဈေးပွဲတော်သည် စီးပွားရေးလုပ်ငန်းရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ကွန်ပျူတာနည်းပညာ လေ့လာလိုက်စားနေသူများအတွက် တစ်နေရာတည်းတွင် ကွန်ပျူတာ အသုံးချနည်းပညာများ လေ့လာနိုင်မည့် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်သည်။

**ကြီးမှူးကျင်းပ**

၎င်းအိုင်စီတီဈေးပွဲတော် (၂၀၀၆)ကို မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းက ကြီးမှူးကျင်းပပြီး ပညာရေးအထောက်အကူပြု ပရော့ဂျက်ပြိုင်ပွဲကို ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ကြီးမှူး၍ ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ အိုင်စီတီ ဈေးပွဲတော်(၂၀၀၆)တွင် ပါဝင်ပြသမည့် Lucky Birdကုမ္ပဏီရှိရာ သိမ်ဖြူလမ်း အမှတ် ၃၅၅ အခန်း၁၀၆သို့ မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်မေးမြန်းခဲ့သည်။ ယင်းကုမ္ပဏီမှ ဒါရိုက်တာ ဒေါ်မေဖြူသွယ်က ပြောကြားရာတွင်



MMG Technologies အရောင်းပြခန်း၌ ပြသထားသော အစည်းအဝေး တစ်ခန်းနှင့်တစ်ခန်း ချိတ်ဆက်အသုံးပြုနိုင်သည့် Aethra အမျိုးအစား Viedo Conferencing များကို ဤသို့တွေ့နိုင်သည်။ (မြန်မာ့အလင်း)

"အိုင်စီတီဈေးပွဲတော်တွင် Lucky Birdကုမ္ပဏီအနေဖြင့် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းအမျိုးပေါင်း၄၀၀ကျော်ခင်းကျင်းပြသမည်ဖြစ်ကြောင်း" ဦးစွာရှင်းလင်းပြောကြားသည်။

**တစ်နှစ်အာမခံ**

Lucky Bird မှ ယင်းအိုင်စီတီဈေးပွဲတော်တွင် နောက်ဆုံးပေါ်ကွန်ပျူတာ အမျိုးမျိုး၊ ပရင်တာများ၊ စကင်နာများ၊ ယူပီအက်စ်များ ပြသမည်ဖြစ်ကြောင်း၊ သုံးရက်တာ ပွဲတော်ကာလအတွင်း ဝယ်ယူအားပေးသူများအား Member Card များထုတ်ပေးမည်ဖြစ်ကြောင်း၊ ယင်းကတ်ဖြင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူသူတိုင်းအား ဝယ်ယူသည့် ပစ္စည်းအမျိုးအစားကိုလိုက်၍ Discount များပေးမည့်အပြင် ပစ္စည်းတစ်နှစ်အာမခံ ပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ထို့နောက် မြန်မာ့အလင်းသတင်းအဖွဲ့သည် ကုန်သည်လမ်းနှင့်၃၆ လမ်းထောင့်ရှိ ကေအမ်ဒီ ကွန်ပျူတာအရောင်းပြခန်းသို့လည်းရောက်ခဲ့သည်။

**ဈေးနှုန်းချိုသာ**

အိုင်စီတီ ဈေးပွဲတော်တွင် ကေအမ်ဒီမှ နောက်ဆုံးပေါ် Intel Pentium-4 3.4 ကွန်ပျူတာများ၊ လက်(ပ်)တော့ပ် ကွန်ပျူတာများ၊ LBP 300 Model Canon Laserjet ပရင်တာများ၊ (HP G 30/0) ရှိ စကင်နာများ၊ Microlabအမျိုးအစား စပီကာများနှင့် Power Tree ယူပီအက်စ်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည် ဖြစ်ကြောင်း ဒါရိုက်တာ ဒေါ်သင်းသင်းစိုးက မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆက်လက်၍မြန်မာ့အလင်းသတင်းအဖွဲ့သည် စမ်းချောင်းမြို့နယ် မြေနီကုန်း ပလာဇာရှိ MMG Technologies ကုမ္ပဏီသို့လည်း သွားရောက်လေ့လာခဲ့ပါသည်။

ယင်းကုမ္ပဏီမှ အိုင်စီတီဈေးပွဲတော်(၂၀၀၆)တွင် ဝန်ကြီးဌာနအစည်းအဝေးခန်းများ၊ ရုံးခန်းများတွင် အသုံးပြုနိုင်သော Video Conferencing များ၊ အင်တာနက်နှင့် ချိတ်ဆက်အသုံးပြုနိုင်သည့် Wireless Access Point များ၊ ADSL Models များ၊ Routerများကို ပြသရောင်းချသွားမည်ဖြစ်ကြောင်း မန်နေဂျာဦးခိုင်လင်းမောင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

**ချိတ်ဆက်ပေး**

ထို့အပြင် ယင်းကုမ္ပဏီက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ MPT 4 DSL နှင့် MPT Satellite Terminal Systemများကို ရောင်းချတပ်ဆင်ပေးခြင်း၊ နေပြည်တော်ရှိ ဝန်ကြီးဌာနနှင့် အခြားရုံးခွဲများတွင် Wide Area Network (WAN) ချိတ်ဆက်ပေးခြင်း လုပ်ငန်းများလည်း ဆောင်ရွက်ပေးနေကြောင်း သိရသည်။

တစ်ဖန် Client Focus Technology Group မှလည်း အိုင်စီတီဈေးပွဲတော်တွင် EPSONအမျိုးအစား ပရင်တာအမျိုးမျိုးကိုလည်း ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း မန်နေဂျာ ဦးသိန်းတိုးက ပြောကြားသည်။

ယင်းနောက် ဆိပ်ကမ်းသာလမ်းတွင် အခြေစိုက်ရုံးဖွင့်လှစ်ထားသည့် Lin Thu Zar Computer မှလည်း အိုင်စီတီဈေးပွဲတော်တွင် နောက်ဆုံးပေါ် ကွန်ပျူတာအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း မန်နေဂျာ ဒေါ်ညိုဇာလင်းကပြောကြားသည်။

**အခွင့်အလမ်းကောင်း**

သို့ဖြစ်၍ အိုင်စီတီဈေးပွဲတော်(၂၀၀၆)သည် စီးပွားရေးလုပ်ငန်းရှင်များ၊ ကွန်ပျူတာနည်းပညာလေ့လာလိုက်စားနေသူများ၊ ကျောင်းသားကျောင်းသူများအတွက် အိုင်တီ နည်းပညာများကို တစ်နေရာတည်းတွင် လေ့လာနိုင်မည့် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

# ဆွမ်းသိမ်းအောင်ပွဲ တရားပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ကမာရွတ်မြို့နယ် အမှတ်(၇)ရပ်ကွက် သာသနာရက္ခိတ ဆွမ်းလောင်းအသင်း ၂၀၀၆ခုနှစ် ဆွမ်းသိမ်းအောင်ပွဲအဖြစ် တရားပွဲများ ညစဉ်ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၂၆ ရက် ရွှေညဝါ ဆရာတော် အရှင်ပညာသီဟ သာစုပရိယတ္တိစာသင်တိုက်၊ ဒီဇင်ဘာ ၂၇ ရက် အရှင်ပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်) သာသနဓဇ ဓမ္မာရိယ ဓမ္မကထိက သဒ္ဓမ္မသီတဂူကျောင်းတိုက် စစ်ကိုင်းမြို့၊ဒီဇင်ဘာ ၂၈ရက် ဉာဏဒီပ ဘဒ္ဒန္တ ဇဋိလ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ရန်ကုန်ကျောင်းတိုက် မြောက်ဥက္ကလာပ၊ ဒီဇင်ဘာ ၂၉ ရက် ဘဒ္ဒန္တ ဝိနယာစရ သာသနဓဇ ဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ရွှေကျီးသာမဟာဝိနယာရာမစာသင်တိုက် မင်္ဂလာဒုံ၊ ဒီဇင်ဘာ ၃၀ ရက် ဦးသောဘဏ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အဘရာ–ရာမကျောင်း သာကေတတို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားကြမည်ဖြစ်သည်။

ဆက်လက်၍ ဒီဇင်ဘာ ၃၁ ရက်တွင် မဟာဒုက်မဲကံထူးရှင်များက အရဏ်ဆွမ်းဆက်ကပ်ခြင်း၊ နံနက် ၁၀ နာရီခွဲတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌနှင့် ဆရာတော်များအား ဓမ္မာရုံတွင် နေ့ဆွမ်းဆက်ကပ်လှူဒါန်း၍ ဝါတွင်းဆွမ်းလောင်း ဒါနကုသိုလ်အား ရေစက်ချအမျှပေးဝေခြင်း၊ ညနေ ၄ နာရီတွင် ဝါတွင်းဆွမ်းလောင်းခဲ့သော ဘုန်းတော်ကြီးကျောင်း ၁၂ ကျောင်းမှ ပင့်သံဃာတော် ၂၂၁ ပါးတို့ကို ရပ်ကွက်လုံးကျွတ် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ခြင်းတို့ကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

# ကမ္ဘာလှည့်ခရီးသည်များ လုံခြုံမှုစောင့်ရှောက်ရေး သင်တန်းဆင်း

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ကမ္ဘာလှည့်ခရီးသည်များ လုံခြုံမှုစောင့်ရှောက်ရေးသင်တန်း အမှတ်စဉ် (၁၅/၂၀၀၆) ဆင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုစည်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲတပ်ရင်းများ ကွပ်ကဲရေးမှူး ရဲမှူးချုပ်သန်းဟန် တက်ရောက်၍ အမှာစကား ပြောကြားသည်။

သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ်ဖြစ်ပြီး သင်တန်းသား ရဲအရာရှိ ၄၀တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



ကေအမ်ဒီအရောင်းပြခန်း၌ ပြသထားသော နောက်ဆုံးပေါ်ကွန်ပျူတာအမျိုးမျိုးကို ဤသို့လေ့လာနိုင်ကြမည်။ (မြန်မာ့အလင်း)

# ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ် မြန်မာ့လက်ရွေးစင်နှင့် မြန်မာ (ယူ-၂၃) ယနေ့ယှဉ်ပြိုင်မည်

**တစ်ခဲနက်အားပေး**

၂၀၀၆ ခုနှစ် ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို မန္တလေးမြို့ခံ ပရိသတ်က နိုင်ငံတော် အလံများ ဝှေ့ယမ်း၍ ဤသို့ တစ်ခဲနက် အားပေးခဲ့ကြသည်။





မန္တလေး ဒီဇင်ဘာ ၂၂ (ဖက်စ်)

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် International Beverages Trading Co., Ltd. တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၆ ခုနှစ် ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဘောလုံးပြိုင်ပွဲ (Grand Royal Challenge Cup 2006) ကို ဒီဇင်ဘာ ၁၇ ရက်မှ စတင်၍ အထက်မြန်မာပြည် မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၂၃ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် မြန်မာ(ယူ-၂၃)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

## ပွဲကြိုရှင်းလင်း

ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲစဉ်အကြို သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက မန္တလေးမြို့ရှိ Hotel Mandalay ၌ ကျင်းပရာ မြန်မာ့လက်ရွေးစင်အသင်းမှ အုပ်ချုပ်သူ ဦးတင်ဟန်နှင့် နည်းပြဦးဆန်းဝင်း၊ မြန်မာ(ယူ-၂၃)အသင်းမှ အုပ်ချုပ်သူ ဦးအေးမောင်ကြီးနှင့် နည်းပြ ဦးတင်မြင့်အောင်၊ I.B.T.C ကုမ္ပဏီမှ Brand Manager ဦးကျော်ကျော်နိုင်၊ ပြိုင်ပွဲကျင်းပရေးမှ ဆက်သွယ်ရေးတာဝန်ခံ ဦးထွန်းထွန်းနိုင်နှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



မြန်မာ့လက်ရွေးစင်အသင်း နည်းပြ ဦးဆန်းဝင်းက မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားစဉ်။

## မြန်မာ့လက်ရွေးစင်

ရှေးဦးစွာ မြန်မာ့လက်ရွေးစင်အသင်းနည်းပြ ဦးဆန်းဝင်းက ရှင်းလင်းပြောကြားရာ "မြန်မာ(ယူ-၂၃)အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်မှာ မိမိတို့အသင်း၏ ခြေမှန်မဟုတ်ကြောင်း၊ ယခုပြိုင်ပွဲ၌ မိမိတို့အသင်း ကစားခဲ့သည့် ခြေစွမ်းမှာ တစ်ပွဲမျှ မကောင်းပါကြောင်း၊ အဓိကအချက်အနေဖြင့် ဘောလုံးဆုံးရှုံးသည့်အချိန်၌ အားနည်းကြောင်း၊ မိမိသာ မလေးရှားနည်းပြဆိုလျှင် မြန်မာ့လက်ရွေးစင်အသင်းနှင့် မြန်မာ(ယူ-၂၃)အသင်းတို့၏ပွဲကို အချိန်ကုန်ခံ၍ ထိုင်ကြည့်နေမည် မဟုတ်ကြောင်း၊ မလေးရှား(ယူ-၂၃)အသင်းအနေဖြင့် အင်ဒိုနီးရှား(ယူ-၂၃)အသင်းကို နိုင်အောင်မကစားနိုင်၍ ဗိုလ်လုပွဲတက်ခွင့်မရဘဲ ဖြစ်သွားကြောင်း၊ မလေးရှား(ယူ-၂၃)အသင်းကို မိမိတို့ ရှုံးခဲ့သော်လည်း နောက်ဆုံးဗိုလ်လုပွဲစဉ်၌နိုင်လျှင် ချန်ပီယံဖြစ်ကြောင်း၊ ချန်ပီယံဖြစ်ရန်သာ အရေးကြီးကြောင်း၊ မလေးရှား(ယူ-၂၃)ကို ရှုံးသည့်ပွဲအား မေ့လိုက်ပြီဖြစ်ကြောင်း၊ လက်ရှိ ဘောလုံးသမားများမှာ ယခင်ခေတ်က ဘောလုံးသမားကြီးများနှင့်ယှဉ်လျှင် အဆင့်မရှိပါကြောင်း၊ ကစားသမားများကို ကွင်းဘေးမှ အမြဲတမ်းအော်ပြောနေမှသာ မိမိလိုချင်သည့်အနေအထားရကြောင်း၊ ဆုကြေးငွေနှင့် ပတ်သက်၍ မိမိစိတ်မဝင်စားကြောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ယူ၍ ခွဲဝေပေးမည်ဖြစ်ပါကြောင်း၊ ဗိုလ်လုပွဲ၌အနိုင်ရမည်ဟု ယုံကြည်ပါကြောင်း" ပြောကြားသည်။

## မြန်မာ(ယူ-၂၃)

ဆက်လက်၍ မြန်မာ(ယူ-၂၃)အသင်း နည်းပြ ဦးတင်မြင့်အောင်က ရှင်းလင်းပြောကြားရာ "ဗိုလ်လုပွဲ၌ မြန်မာ့လက်ရွေးစင်အသင်းကို အနိုင်ရရှိအောင် ပြင်ဆင်ထားကြောင်း၊ First Line-up ကစားသမား အပြောင်းအလဲ အနည်းငယ်ရှိမည် ဖြစ်ကြောင်း၊ ပွဲပယ်ခံရသူများ မရှိသော်လည်း နောက်တန်းလူ ဟန်ဝင်းအောင် ကစားနိုင်ဦးမည်မဟုတ်ကြောင်း၊ သချာၤနည်းဖြင့် တွက်လျှင် မိမိတို့ မနိုင်နိုင်ကြောင်း၊ သို့သော်လည်း ဘောလုံး အားကစားနည်းမှာ မထင်သည်များ ဖြစ်တတ်ပါကြောင်း၊ မြန်မာ့လက်ရွေးစင်အသင်းနှင့် မိမိတို့အသင်းမှ ကစားသမားများ ကွာခြားချက်မှာ ပါဝါနှင့် အတွေ့အကြုံဖြစ်ကြောင်း၊ အထူးသဖြင့် လေ့ကျင့်ချိန်နှင့် ပတ်သက်၍ မြန်မာ့လက်ရွေးစင်အသင်းက အစောကြီးကတည်းက စခန်းဝင်လေ့ကျင့်နေခြင်း ဖြစ်ကြောင်း၊ လက်ရွေးစင် အသင်း၏ အားသာချက်၊ အားနည်းချက်များကို လေ့လာထားပြီးဖြစ်ကြောင်း၊ မိမိတို့အသင်း၏ တိုက်စစ်ကို အားမရသေးကြောင်း၊ Fitness အပိုင်း၌ အားနည်းနေသေးကြောင်း၊ ခြောက်ရက်အတွင်း သုံးပွဲကစားရပြီး ပထမပွဲနှစ်ပွဲ ပါဝင်၍ ခွန်အားအပြည့် ပြန်မရကြောင်း၊ ယနေ့နံနက်ပိုင်း၌ လေ့ကျင့်ခန်းမဆင်းဘဲ ကစားသမားများကို အပြည့်အဝ အနားပေးထားကြောင်း၊ မြန်မာ့လက်ရွေးစင် အသင်းကို အနိုင်ရမည်ဟုယုံကြည်ပါကြောင်း" ပြောကြားသည်။



မြန်မာ(ယူ-၂၃)အသင်း နည်းပြ ဦးတင်မြင့်အောင်က မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားစဉ်။

## နှုတ်ခွန်းဆက်

ပွဲကြိုရှင်းလင်းပွဲအပြီးတွင် တက်ရောက်လာကြသော စာနယ်ဇင်းများမှ တာဝန်ရှိသူများအား Hotel Mandalay မှ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်စောနန်းယုက နှုတ်ခွန်းဆက်စကားပြောကြားပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

## ဗိုလ်လုပွဲတက်

မြန်မာ့လက်ရွေးစင်အသင်းသည် အင်ဒိုနီးရှား(ယူ-၂၃)အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ မြန်မာ(ယူ-၂၃)အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး မလေးရှား (ယူ-၂၃)အသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ရရှိပြီး အုပ်စုပထမဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်း ဖြစ်သည်။

မြန်မာ(ယူ-၂၃)အသင်းသည် မလေးရှား(ယူ-၂၃)အသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့်နိုင်၊ အင်ဒိုနီးရှား(ယူ-၂၃)အသင်းနှင့် ဂိုးမရှိသရေကျပြီး မြန်မာ့လက်ရွေးစင်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ သုံးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်ရရှိပြီး အုပ်စုဒုတိယဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။

## အဓိကပံ့ပိုး

Grand Royal Challenge Cup 2006 ဖြစ်မြောက်ရေးအတွက် International Beverages Trading Co., Ltd. က အဓိကပံ့ပိုးပြီး Co., Sponsors များအဖြစ် Air Bagan, Hotel Mandalay, Mitsubishi Electric, Super Lemon Tea, Leaser သွားတိုက်ဆေး၊ One Tea နို့ဆီနှင့် Asia အချိုရည်တို့က ပံ့ပိုးကူညီကြသည်။

## အံ့ဩစရာမဟုတ်

မြန်မာ့လက်ရွေးစင်အသင်းနှင့် မြန်မာ(ယူ-၂၃)အသင်းတို့သည် လက်ရွေးစင်အသင်းကြီးနှင့် လူငယ်အသင်းဆိုသည့် အမည်နာမအားဖြင့် ကွာခြားမှုရှိသော်လည်း အဆင့်မြင့်တန်းပြိုင်ပွဲ၌ သူတင်ကိုယ်တင် ခြေရည်တူကစားနေကြသူများ ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းကို အနိုင်ယူသွားသော မလေးရှား (ယူ-၂၃)အသင်းကို မြန်မာ(ယူ-၂၃)အသင်းက အနိုင်ရရှိခဲ့သည်။

မြန်မာ (ယူ-၂၃)အသင်းကို မန္တလေးမြို့ခံ ပရိသတ်များက အားပေးမှု ပိုမိုသည့်အချက်ကလည်း တစ်အားပင်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း နိုင်ခြေ ပိုများသော်လည်း မြန်မာ(ယူ-၂၃)အသင်း အနိုင်ရသွားမည်ဆိုပါက အံ့ဩစရာမဟုတ်ကြောင်း ပွဲကြိုရေးသား ပေးပို့လိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**



ဒီဇင်ဘာ ၁၇ ရက်က ယှဉ်ပြိုင်ကစားသည့် မြန်မာ(ယူ-၂၃) အသင်းနှင့် မလေးရှား(ယူ-၂၃)အသင်းတို့၏ ပွဲစဉ်တွင် ပွဲစဉ်အလိုက် အကောင်းဆုံးဆု ရရှိသွားသော မြန်မာ(ယူ-၂၃)အသင်းမှ ရာဇာဝင်းသိန်းအား I.B.T.C ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က ဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

**သတင်းဓာတ်ပုံ ပေးပို့သူ - ကိုထွေး**



## တံခွန်တိုင်တံတားမှ ကနောင်မင်းသားကြီးလမ်းအထိ နိုင်လွန်ကတ္တရာခင်း လုပ်ငန်းသုံးပစ္စည်းများ အလေအလွင့်မရှိရေးနှင့် သတ်မှတ်ချိန်ပြီးစီးရေးဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၅**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးစောလွင်နှင့် ဌာနမှူးများလိုက်ပါလျက် နိုဝင်ဘာ ၂၇ရက် နံနက် ၈နာရီခွဲက ပြည်ကြီးတံခွန်မြို့နယ် ရန်ကုန်-မန္တလေး လမ်းမကြီးတစ်လျှောက် တံခွန်တိုင် တံတားမှ စက်မှုဇုန်(၂) ကနောင်မင်းသားကြီးလမ်းအထိ နိုင်လွန်ကတ္တရာလမ်းခင်း ဆောင်ရွက်နေမှုလုပ်ငန်းများ၊ မန္တလေးမြို့ပတ်လမ်းရစ်လမ်းသွား ကမ်းနားလမ်းတစ်လျှောက် ရှမ်းကလေးကျွန်းမှ ရွှေကြက်ယက်အထိ စိမ်းလန်းစိုပြည် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများနှင့် ဆောင်ရွက်နေမှုလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် ရန်ကုန်-မန္တလေးလမ်းမကြီးတစ်လျှောက် တံခွန်တိုင် တံတားမှ ကနောင်မင်းသားကြီးလမ်းအထိ နိုင်လွန်ကတ္တရာလမ်းခင်း ဆောင်ရွက်နေမှုလုပ်ငန်းခွင်သို့ရောက်ရှိပြီး နိုင်လွန်ကတ္တရာလမ်းခင်း ဆောင်ရွက်ပြီးစီးမှုများနှင့် ကတ္တရာဖျန်းယာဉ်အသုံးပြု၍ ကတ္တရာလမ်းခင်း ဆောင်ရွက်နေမှုလုပ်ငန်းများကိုလည်းကောင်း**(အပေါ်ပုံ)**၊ အမိုးပိတ်ရေနုတ်မြောင်းကူးတံတား တည်ဆောက်နေမှုလုပ်ငန်းများကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လမ်းလုပ်ငန်းသုံးပစ္စည်းများ အလေအလွင့်မရှိစေရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းစေရေးနှင့် သတ်မှတ်ချိန်အမီ ပြီးစီးရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်က ကွင်းဆင်းကြပ်မတ်ဆောင်ရွက်သွားရန် လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများအား မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးမြို့ပတ်လမ်း ရစ်လမ်းသွား ကမ်းနားလမ်းတစ်လျှောက် ရှမ်းကလေးကျွန်းမှ ရွှေကြက်ယက်အထိ လမ်းလယ်ကျွန်းနှင့် လမ်းဘေးဝဲယာတစ်လျှောက်တို့တွင် အရိပ်ရပင်များ စိုက်ပျိုးထားရှိမှုနှင့် ရှင်သန်ဖြစ်ထွန်းမှု အခြေအနေများကိုလည်းကောင်း၊ ရွှေဂုံနှင့်ရွှေကြက်ယက် အကြားတွင် လူထုအပန်းဖြေ ပန်းခြံငယ်များ ပြုပြင်မွမ်းမံတည်ဆောက်နေမှုနှင့် စိမ်းလမ်းစိုပြည်သာယာလှပရေး လုပ်ငန်းများကိုလည်းကောင်း၊ ကန်တော်ကြီး ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာဌာနမှူးများအား လုပ်ငန်းလိုအပ်ချက်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ အပ်ချုပ်စက်များ ပေးအပ်လှူဒါန်း သားဖွားသင်တန်းသူများ ငွေထောက်ပံ့

**အုတ်တွင်း ဒီဇင်ဘာ ၁၈**

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က အပ်ချုပ်စက်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် နေ့လယ်ပိုင်းက အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်စောင့်ရှောက်ရေးအသင်းရုံးတွင် ကျင်းပရာ ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးနှမ်ခွန်ဆမ်က အဖွင့်အမှာစကား ပြောကြားသည်။



ဆက်လက်၍ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့်**(အပေါ်ပုံ)**နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်ဆွေဦးတို့အား အပ်ချုပ်စက် ၁၀လုံးကို လွှဲပြောင်းပေးအပ်ပြီး ပဲခူးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အရန်သားဖွားသင်တန်းသူ ၁၄ဦးတို့အား ထောက်ပံ့ကြေးငွေများ ပေးအပ်ချီးမြှင့်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ကြက်သွန်ခင်း(၂)ရပ်ကွက် မူလတန်းလွန်ကျောင်းသို့ စာသင်ခုံ ၁၀စုံပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးတင်စိန်က လက်ခံပြီး တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက စိုက်ပျိုးထားသည့် တိုင်းရင်း ပရဆေးပင်များကို ကြည့်ရှုစစ်ဆေးကြသည်။ **(၁၁၆)**



## ပျော်ဘွယ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကျန်းမာရေးပညာပေးဟောပြော၊ ဆေးဝါးများ အခမဲ့ဝေငှ

**ပျော်ဘွယ် ဒီဇင်ဘာ ၁၁**

ပျော်ဘွယ်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကျန်းမာရေးပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၃ရက် နံနက် ၁၀နာရီက ကျီတိုင်ကုန်းကျေးရွာအုပ်စု၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းငွေ၊ ရမည်းသင်းခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဦးနှင့် မြို့နယ်အသင်းဥက္ကဋ္ဌဒေါ်သန်းသန်းမွန်တို့က အမှာစကားများ ပြောကြားကြပြီး **(အပေါ်ပုံ)** ကာကွယ်ဆေးများ အခမဲ့ဝေငှကာ သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ကြသည်။ **(၂၅၀)**

## မြို့နယ် သတင်းများ

## ညောင်တုန်းမြို့၌ ကျေးလက်ဒေသ ရေရရှိရေး လက်နှိပ်ပန့်ရေတုံကင်များ တူးဖော်ဆောင်ရွက်

ညောင်တုန်း ဒီဇင်ဘာ ၁၂

**ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အတွင်းရှိကျေးရွာများတွင် ကျေးလက်ဒေသရေရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ ညောင်တုန်းမြို့နယ် နတ်ပေးကျေးရွာအုပ်စု ဂျုံးဂျုံးဂျကျေးရွာတွင် လက်နှိပ်ပန့်တပ်တွင်းတိမ် ရေတုံကင် တူးဖော်ရာသို့ ညောင်တုန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်ဦးတို့ ဒီဇင်ဘာ ၉ ရက်က သွားရောက်ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။**

**ညောင်တုန်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းများကို နှစ်စဉ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၂၃ရွာ၌ လက်နှိပ်ပန့်တပ်တွင်းတိမ် ရေတုံကင် ၃၄ တွင်းကို ငွေကျပ် ၃၆ သိန်းဖြင့် အကုန်အကျခံ တူးဖော်ပေးခဲ့ကြောင်း သိရသည်။** (၀၉၈)



**မြစ်ကြီးနားမြို့ မန်ခိန်နှင့်ရွှေစက်ရပ်ကွက်ချင်းဆက်လမ်း အရှည် ၅ မိုင်ရှိ ကတ္တရာလမ်းကောင်းမွန်ရေးအတွက် နိုဝင်ဘာ ၂၂ ရက်က အငယ်တန်း အင်ဂျင်နီယာ (၂) ဒေါ်မော်မော်သိန်းနှင့် အဖွဲ့ ဝန်ထမ်းများကတ္တရာလမ်းပေါက် ဖာထေးခြင်း လုပ်ငန်းဆောင်ရွက်ရာသို့ အင်ဂျင်နီယာမှူး ဦးသိန်းမြင့် ကြီးကြပ်ပေးစဉ်။** (မြို့နယ်စည်ပင်)

## ရှေးဦးသူနာပြုစု မွမ်းမံသင်တန်းဆင်း

**ဟိုပန် ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင် ဟိုပန်မြို့နယ် လူထုအတွင်း ရှေးဦးသူနာပြုစုခြင်း မွမ်းမံသင်တန်း ၁/၂၀၀၆ ဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၂ရက် နံနက် ၉ နာရီက အထက စာမဟာခန်းမ၌ကျင်းပသည်။

ထို့နောက် ကွမ်းလုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဦးစီးမှူးတို့က အဖွင့်အမှာစကား ပြောကြားကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖခင် ဦးမောင်လေးအား ရည်စူး၍ ရန်ကုန်မြို့ လမ်းမတော် မြို့နယ် ၄ လမ်း အမှတ် (၄၉) နေ ဇနီး ဒေါ်လှကြည်နှင့် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး



အတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## အဘိဓမ္မာကျမ်းရွတ်ဖတ် ပဋ္ဌာန်းသိမ်းဆွမ်းလှူဒါန်း

**နမ့်လန် ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နမ့်လန်မြို့ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်အား (၁၃) ကြိမ်မြောက် ပဋ္ဌာန်းအဘိဓမ္မာ ကျမ်းမြတ်ဖြင့် ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ဘုရားကြီး ကျောင်းဝင်းအတွင်း၌ ကျင်းပပြီး ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၁နာရီက ပဋ္ဌာန်းသိမ်း ဆွမ်းအလှူဒါနအဖြစ် ဝတ္ထုပစ္စည်း အစုစုတို့ဖြင့် ရေစက်သွန်းချလှူဒါန်းကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ဒေဝဒဟ ၃၄လမ်း (၁၃) ရပ်ကွက်နေ သားမောင်ပြည့်စုံထွေး၏ (၂၃)နှစ်ပြည့်မွေးနေ့အတွက် ဦးမြင့်စိုး-ဒေါ်မြင့်ကြည် မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူဆောင်ဆရာတော် အရှင်ကုသလ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်းဖွင့်

**ကျောက်ဆည် ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ဦးဆောင်မှုဖြင့် ကျင်းပသည့်ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

**အမှာစကားပြော**

အခမ်းအနားတွင် ကျောက်ဆည် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သူက သင်တန်းရေးရာများ ရှင်းလင်းတင်ပြသည်။

**သင်တန်းကာလ**

အဆိုပါ သင်တန်းသို့ ကျောက်ဆည်မြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ စုစုပေါင်း ၂၈၈ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် အသုံးပြုရန်အတွက် အလှူရှင် ဆရာကြီး ဦးရွှေအောင်(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)နှင့် ဇနီး ဒေါ်ငွေယဉ် မိသားစုက ရေသန့်စက်နှင့် ရေတိုင်ကီအတွက် ငွေကျပ်ကိုးသိန်းကို ဒီဇင်ဘာ ၆ ရက်က ပတ္တမြားခန်းမ၌ ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ရင်က လက်ခံယူစဉ်။

(ခရိုင် ပြန်/ဆက်)




## အခွန်ဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲ မကွေး၌ကျင်းပ

**မကွေး ဒီဇင်ဘာ ၁၅**

ပြည်တွင်းအခွန်များဦးစီးဌာန မကွေးမြို့နယ် အခွန်ဦးစီးဌာနက ကျင်းပသည့် အခွန်ဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီက မကွေးမြို့ ပွဲစားကုန်သည်နှင့် စက်ပိုင်များအသင်း မကွေး ကုန်စည်ဒိုင်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးသန့်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းအခွန်ဦးစီးဌာနမှူး ဦးကျော်ဇေယျက အခွန်ကောက်ခံရသော ရည်ရွယ်ချက်များနှင့် အခွန်စီမံခန့်ခွဲမှုဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)**

ဆက်လက်၍ မကွေးမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးမြင့်သောင်းက ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်ဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက အခွန်ကိစ္စရပ်များနှင့်ပတ်သက်၍ သိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားကြသည်။ **(၃၈၃)**





မန်စီမြို့ ဟန်ထက်ကျေးရွာတွင် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ နှစ်လက်မ စက်ရေတွင်း တူးဖော်မှုလုပ်ငန်းကို နိုဝင်ဘာ ၂၉ ရက်က အမှုဆောင်အရာရှိ ဦးငွေးကို စစ်ဆေးကြည့်ရှုရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဆွေက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



## မြို့နယ်သတင်းများ

## မြန်အောင် အမှတ်(၁)အခြေခံပညာ မူလတန်းကျောင်းဖွင့်

**မြန်အောင် ဒီဇင်ဘာ ၅**

ဧရာဝတီတိုင်း မြန်အောင်မြို့နယ် အမှတ်(၁) အခြေခံပညာဦးစီးဌာန အခြေခံပညာမူလတန်းကျောင်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၄ ရက် နံနက် ၉နာရီက ဘန့်ဘွေးကုန်းကျေးရွာအုပ်စု ဘန့်ဘွေးကုန်းကျေးရွာအနောက်ကိုယ့်အားကိုယ်ကိုး အမက ကျောင်းတွင် ကျင်းပသည်။

**ဖွင့်လှစ်**

ဖွင့်ပွဲအခမ်းအနားတွင် မြန်အောင်မြို့နယ်ပညာရေးမှူး ဦးအုန်းကြိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်ဝင်းဆွေနှင့် ဘန့်ဘွေးကုန်းကျေးရွာဥက္ကဋ္ဌ ဦးလှမြင့်တို့က ဘွန့်ဘွေးကုန်းအနောက် အခြေခံပညာမူလတန်းကျောင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** **(၁၃၁)**



## ရာသက်ပန် ဆေးပဒေသာပင် အလှူငွေပေးအပ်

**ခင်ဦး ဒီဇင်ဘာ ၁၀**

ခင်ဦးမြို့ ပြည်သူ့ဆေးရုံသို့ ရာသက်ပန်ဆေးပဒေသာပင် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ ဆေးရုံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခင်ဦးမြို့နေ အလှူရှင်များဖြစ်သော ဦးဘညွန့်-ဒေါ်အေးတို့အား ရည်စူး၍ သမီးဒေါ်နှင်းနှင်းမော်နှင့် ဒေါ်နုနုရီ (CAE ပညာရေး ဝန်ဆောင်မှု မန္တလေးမြို့)၏ကိုယ်စား မြေးဖြစ်သူ ဒေါက်တာ ထိုက်ထိုက်အေးက အလှူငွေလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး အလှူငွေကျပ်သုံးသိန်းကို ပေးအပ်ရာ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ထင်အောင်လင်းက လက်ခံရယူသည်။

ဆက်လက်၍ အလှူရှင်အား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**

**မီးသည် သုံးတတ်လျှင် မိတ်ဆွေ မသုံးတတ်လျှင် ရန်သူ**

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ် ပြာသိုလဆန်း ၆ ရက်**
**၂၄-၁၂-၂၀၀၆**
**(တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

- ၁၀း၀၀ သိပ္ပံအကြောင်း သိကောင်းစရာ (သိပ္ပံနှင့်နည်းပညာ တိုးတက်မှု တချို့-သိပ္ပံမှူးတင်)
- ၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (သီးထပ်သီးညှပ်စိုက်ဖို့မှတ်)
- ၁၁း၃၀ မေတို့တွက်တာ အလှကမ္ဘာ (ဆောင်းရယ်၊ နှင်းရယ်၊ ကိုယ့်ချစ်သူရယ်)
- ၁၁း၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) စံပယ်တွေပွင့်နေသမျှ (လှမိအေး)
  - (၂) မေတ္တာပန်းများ ပွင့်စေမည် (ခင်မောင်ကြည်)
  - (၃) အမုန်းတံတားလေး ခင်းပြီလား (အေးမြမြ)
- ၁၂း၀၀ ကလေးများ၏ သီချင်းဆိုပြိုင်ပွဲ (ထာဝရအမိဌာန်)
- ၁၂း၃၀ ဓာတ်လမ်းပမာနားဆင်စရာ (သူတို့)
- ၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (ထားဝယ်ဒေသမှ ပျူနိုင်ငံ၏ မြို့ဟောင်းများ) (တတိယပိုင်း) (ဒေါက်တာဦးဖေဉာဏ်)

**ညနေပိုင်း**

- ၁၇း၀၀ ဟာဒယရွှင်ဆေး (လူရွှင်တော် ဦးဓာတ်ဆီ၊ ဦးဓာတ်စံတို့၏ ဟာဒယ)
- ၁၇း၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မွန်မြန်မာ အက္ခရာသမိုင်း-ဒေါက်တာနိုင်ပန်းလှ)
- ၁၇း၃၀ သူ့အလှည့် (ယဉ်ယဉ်ထွန်း)
- ၁၈း၄၅ အာယုနှင့် သာဓုဆွေးနွေးခန်း
- ၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
  - (၁) လမင်းမှာဆုံမယ် (မြင့်သက်လွှာ)
  - (၂) အချစ်ကိုဘယ်လိုပြောရမယ် (မောင်မောင်ကြီး)
  - (၃) မောင့်ထံသို့ (လေး)

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည် ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဆွစ်ဇာလန် ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ ဆွစ်ဇာလန်နိုင်ငံ ဒုတိယသမ္မတအဖြစ် ခန့်အပ်ခြင်းခံရသည့် မစ္စတာ ပတ်(စ်)ကယ် ကူချီပန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ပရဆေးစိုက်ခင်းများနှင့် ပြင်ဦးလွင် ဆေးဝါးစက်ရုံ ( စီမံကိန်း ) ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၂**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မန္တလေးတိုင်းခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီတွင် ပြင်ဦးလွင်မြို့နယ်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)သို့ ရောက်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✡



# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဂျပန်နိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂၃**

၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဂျပန်နိုင်ငံ ဘုရင်မင်းမြတ် အကီဟီတို၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

**ဆေးဖက်ဝင်အပင်များ ကြည့်ရှုစစ်ဆေး**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ပရဆေးဥယျာဉ်အဖြစ် ပြုစုစိုက်ပျိုးထားသည့် မြန်မာ့ဆေးဖက်ဝင်အပင်များကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# အမျိုးသားညီလာခံ စုံညီအစည်းအဝေး ဆက်လက်ကျင်းပ အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြ




**ရန်ကုန် ဒီဇင်ဘာ ၂၂**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ *စာမျက်နှာ ၃ ကော်လံ ၁* ●



**အမျိုးသားညီလာခံ စုံညီအစည်း အဝေးကို ရန်ကုန်တိုင်း မှော်ဘီ မြို့နယ် ညောင် နှစ် ပင် စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။** (သတင်းစဉ်)